# ဘရန်ဒီတစ်ပုလင်း

ဤခေတ် ဤအခါ၌ ဤကဲ့သို့သော ပျားအုံတံဆိပ်၊ သံကြိုးခတ်၊ ဘီဟိုက် ဘရန်ဒီစစ်စစ်ကို ရှာဖွေယူဆောင်လာနိုင်သူအား အထူးပင် ချီးမွမ်းဩဘာ ထောမနာပြုဖွယ် ကောင်းပါပေ၏။

အကြောင်းမှာ နိုင်ငံ့ဝဂ္ဂတော့ကို ဦးစီးတော်မူသော ဒုတိယမြောက် နှစ်ဖြစ်၍ ငွေးမာစတာများကိုယ်တိုင်ပင် ဆာကေးခေါ် အဘိဓမ္မာ ချက်အရက်လောက်မှ မရှိသော ဂျပန်စိမ်းရေကို သောက်သုံးနေရသော အချိန်ဖြစ်၍ အနောက်နိုင်ငံဖြစ် လက်ကျန် ဘီယာ၊ ဘရန်ဒီ၊ ဝီစကီတို့ကား ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်လေပြီ။ လူမှာ မှတ်စာအတွက် သတင်းစာကြော်ငြာနှင့် လိုက်လံရှာဖွေသော သူများပင် လက်လျှော့ရသော အခါသမယကြီး ဖြစ်ပေ၏။

အကယ်၍သာ စစ်ချောင်းကွက်သစ်ရှိ မင်းတိုင်ပင်အမတ်ပေါင်း ဦးတုတ်ပေါ၏ နှုတ်ခမ်းမွေးကို ထူးဆန်းစွာ မီးမလောင်ခဲ့ပါမူ ထိုဘရန်ဒီ တစ်ပုလင်းသည် ဤရပ်ကွက်သို့ ရောက်လာမည် မဟုတ်ချေ။

ဦးတုတ်ပေါ လူ့ပြည်သို့ ရောက်ခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ် ကျော်နှင့် ခုနစ်ဆယ်သို့ ချဉ်းခဲ့ချေပြီ၊ ယခုကဲ့သို့ ဝမ်းနည်းဖက်လက် မဖြစ်စဖူး ထူးထူးဆန်းဆန်း အသက်အရွယ်ကြီးမှပင် ကြုံတွေ့ရချေသည်။

လူပျိုဘဝ၌ ရည်းစားပေါင်း တစ်ဒါဇင်ကျော်မျှ သူ့အရှင် လင်ယူသွားကြသည်ကို ဤမျှ မဆွေးပူမိ၊ ထုံပလုံတုံ နေခဲ့သည်။ ချစ်လှစွာသော သမီးအကြီးဆုံး လင်ပေးစားခါနီး သူ့ရည်းစားနောက် လိုက်ပြေးခဲ့စဉ်ကနှင့်လည်း မနှိုင်းယှဉ်နိုင်၊ မြို့သူမှုပစ္စည်းကလေး ကုန်အောင်ပင် ကြိုးပမ်းခဲ့၍ အမတ်ရာထူးရပြီးနောက် အမတ်တို့၏ဘာဝ အပျော်အပါးလွန်သဖြင့် အရင်းငွေကာမိပြားမျှ မရမိခင် ရာထူးပြုတ်ကျသည်ကို ဤမျှ ဝမ်းမနည်းမိ၊ အမတ်လုပ်ပြီး ရမ်းကားမှုကြောင့် မယားဖြစ်သူ စိတ်ညစ်သေသည်လည်း မထောင်းတာလှ။

ယခုတစ်မူ အခြားအခြားသော သေရာမပါနိုင်သည့် ပစ္စည်းတွေ ဂုဏ်တွေ ပျက်စီးနိမ့်လျော့ခဲ့သည်ထက်၊ ဤ ရှင်အတူ သေမကွဲ ပါမည် ထင်ခဲ့သော မိမိ၏ ခုံခုံတည်တည် နှုတ်ခမ်းမွေးကြီးကိုမှ ထူးဆန်းစွာ မီးလောင်ဆုံးရှုံး ပျက်စီးရသောကြောင့် အလွန်အလွန် နှမြောတသ ပူဆွေး ဝမ်းနည်းခြင်းကို ဖြစ်ရလေတော့၏။

သူ အမတ်ဖြစ်စဉ်ကမူ သူ၏ပုံမှာ တွဲလဲချထားသော ထန်းလက် ခြောက်ကြီးသဖွယ် နှုတ်ခမ်းမွေးကြီးကားနေရန် အရေးကြီးလှပေ၏။

သူ၏ နှုတ်ခမ်းမွေးမျိုးမှာ လူတစ်သိန်းတွင် တစ်ယောက် မရှိ၊ သူ၏ ပါရမီထူး၍သာ သူ့၌ တန်ဆာဆင်နေသည်ဟု ယူဆနေခဲ့၏။ 'နှုတ်ခမ်းမွေးကြီးနှင့် ဦးတုတ်ပေါ၊ ဦးတုတ်ပေါကြီးနှင့် နှုတ်ခမ်းမွေး'ဟု တေးနီး ရယ်မြူး ကျော်ကြားကာ သူ၏ မိတ်ဆွေ ဆွေမျိုးများကပင် သူ့နှုတ်ခမ်းမွေးကြီးအတွက် ဂုဏ်ယူသည်ဟု ထင်မြင်ခဲ့၏။

ယခုမူ ထိုနှုတ်ခမ်းမွေးကြီး ဆုံးရှုံးရချေပြီ။

ဦးတုတ်ပေါသည် အသက်ကြီးမှ ဘာမှ မလုပ်တော့ဘဲ အမတ်ရာထူးဝင်ငွေကြောင့် ရှိသမျှ ပစ္စည်းကလေး ကုန်ခဲ့၍ လက်ကျန်အိမ်တစ်လုံးပေါ်တွင် အိမ်ထောင်သည် သမီးတစ်ယောက်နှင့် အတူနေကာ သမက်၏ လုပ်စာကို စားနေရ၏။ သူ၏ အကျင့်မှာ နံနက်စာစားတွင် အမတ်လုပ်စဉ်က စတိုင်အတိုင်း ထောင်းဘီတိုတို ဖိတ်၍ နှုတ်ခမ်းမွေးကားကား တုတ်ကောက်တစ်ချက်နှင့် လမ်းလျှောက်လေ့ရှိ၏။ ထမင်းစားခါနီးတွင် အရက်ကလေး မှန်မှန်သောက်၍ ထမင်းကို မြိန်ယှက်စွာ စားနိုင်သဖြင့် အသက်ကြီးသော်လည်း ကျန်းမာဖြိုးတုန်ပင် ဖြစ်၏။

အတူသဖြင့် သူ အနှစ်သက်ဆုံးမှာ ဆေးပြင်းလိပ် ဖြစ်၏။ ဘယ်တော့မှ အပြတ်မခံနိုင်၊ ဆေးပြင်းလိပ်နှင့် ဓာတ်မီးခြစ်တစ်ခုမှာ လက်၌ အမြဲတစေ ရှိနေရ၏။ ဆေးလိပ်ကိုလည်း မည်မျှပင်တိုတို ပါးစပ်တပ်ရလျှင် တစ်ရှာရှာ နှစ်ရှာရှာ ညှိသောက်လေ့ရှိ၏။ အိပ်ခါနီးတွင် ဆေးလိပ်ကို အထဲသောက်အိပ်တတ်၍ မျော်ခါနီးတွင် ဆေးလိပ်တိုကို ခေါင်းအုံးနားရှိ ချထားကာ နိုးလျှင်နိုးချင်း ဘာမှမပြော၊ ဘာမှမလုပ်၊ မျက်နှာမသစ် ပလုပ်မကျင်းသေးဘဲ ဆေးလိပ်တိုကို ပါးစပ်တွင် အလျှင်အမြန်တပ်ပြီး မီးညှိလေ့ ရှိ၏။

တစ်နေ့သောအခါ၌ ဦးတုတ်ပေါသည် နံနက်စာကို မြိန်ယှက်စွာ စားပြီး အိပ်ရေးဝမ်းတွင် တုံးလုံးလဲကာ ဆေးပြင်းလိပ်သောက်ရင်း အမင်းလုံး စီလေ၏။ အိပ်မျော်ခါနီးတွင် ဆေးလိပ်တိုကလေးကို ခေါင်းအုံးအနီး ဓာတ်မီးခြစ်ကလေးနှင့်အတူ ချထားလိုက်၏။ ဆေးလိပ်တိုကလေးမှာ လက်ဆစ်တစ်ဆစ်မျှသာ ကျန်တော့၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ၊ ရုတ်တရက် အိပ်ရာမှ နိုးပြီး နှုတ်ခမ်းမွေးတွင် စိမ့်ခနဲ တေးတေးတေးရှိသည်ဟု ထင်မိ၏။



သို့သော် ထုံးစံအတိုင်း ဘာကိုမှ မလုပ်၊ ဘာကိုမှ မစဉ်းစားသေးဘဲ ဆေးလိပ်တိုကို ပါးစပ်တပ်ကာ ဓာတ်မီးခြစ်ကို ကောက်၍ ခြစ်လိုက်လေ၏။

မီးသည် ရုတ်တရက် ဟုန်းခနဲ ထတောက်ကာ နှုတ်ခမ်းမွေးတို့ကို တချစ်ချစ်နှင့် လောင်လေ၏။

"ဟဲ့ . ဘာဖြစ်တာလဲဟဲ့၊ ဘယ့်နှယ်ပါလိမ့်"

ဟု ရုတ်တရက်မှ ဘာမှ မလုပ်နိုင်ဘဲ ခြေမကိုင်မိ လက်မကိုင်မိ တစ်ယောက်တည်း အော်နေမိ၏။ နောက်မှ သတိရလာကာ ပုဆိုး ခါးပုံစနှင့် မှုတ်၍ ပွတ်လိုက်မှ မီးငြိမ်းသွားတော့၏။ သို့သော် သူ၏ နှုတ်ခမ်းမွေးရှည်ကြီးများ မရှိတော့ချေ၊ မီးမြိုက်ခါစ ဝက်မွေးကဲ့သို့ ကျိုးတိုးကျဲတဲ တွန့်တွန့်ကလေးများသာ ကျန်တော့၏။

မျက်နှာကြီးရှုံ့မဲ့၍ အနီးရှိတိုင်တွင် ချိတ်ထားသော မှန်ကို သွား၍ ကြည့်လေ၏။

"ဟိုက် . . သောက်ကျိုးနည်းရော"

ဟု တစ်ခွန်းတည်းအော်ကာ အသက်ပါသွားသကဲ့သို့ ပါးစပ်ကြီး အဟောင်းသားနှင့် ကြက်သေ သေ နေလေ၏။ တစ်မိနစ်ခန့်ကြာမှ သတိရလာကာ သက်ပြင်းကြီးချလျက် ဓာတ်မီးခြစ်ကို ပြန်၍ ကိုင်ကြည့်လိုက်ရာ မီးစာမှာ ငါးစင်တီမီတာမျှ ရှည်ထွက်နေသည်ကို တွေ့ရသဖြင့် ပတ်ဝန်းကျင်ကိုကြည့်ပြီး တောက်တစ်ချက် ပြင်းစွာ ခေါက်လိုက်လေ၏။

ဘယ်သူ့ကိုမှ မမြင်ရသဖြင့် . . .

"ဝင်းကြည်"

ဟု မီးဖိုထဲတွင် အမြဲ ရှိရမည်ဖြစ်သော အစေခံကလေးကို ကျယ်လောင်စွာ ခေါ်လိုက်လေ၏။ သူ့ခေါ်သံနှင့် တစ်ဆက်တည်း . . .

"ရှင်"

ဟုထူးကာ ဆံပင်ကို ပြင်ပတ်ရင်း အပျိုပေါက်ကလေးတစ်ယောက် ထွက်လာလေ၏။ သူ၏ နှုတ်ခမ်းကိုကြည့်၍ ရယ်ချင်၏။ သို့သော် မရယ်ရဲချေ။

"ဓာတ်မီးကို ဘယ်သူ ကိုင်တာမြင်လဲ"

"ဘိုးဘိုး အိပ်နေတုန်းက မောင်လေးကိုင်တာ မြင်တယ်"

ဟု မဆုတ်မဆိုင်း ဖြေလိုက်လေ၏။ အကြောင်းမူကား ဝင်းကြည်သည် အိမ်၌ ဖြစ်သမျှကို မေးတုန်း၍ မဖြေမှ ဖြေခဲ့လျှင် အကြီးအကျယ် ဆူပူခြင်း ခံရလေ့ရှိသဖြင့် ဟုတ်ဟုတ် မဟုတ်ဟုတ် ပြန်ပြောရန် အကျင့်ရနေပြီး ဖြစ်၏။ မောင်လေးဆိုသူမှာ လေးနှစ်အရွယ်မျှ ကလေးဖြစ်၍ မဟုတ်ဘူးဟု အမှန်အတိုင်း ငြင်းဆိုခဲ့လျှင် အပျိုပေါက် ဝင်းကြည်က ဟုတ်ကြောင်း ယုတ္တိယုတ္တာနှင့် နိုင်အောင်ပြောမည် ဖြစ်ပေ၏။

တစ်အိမ်လုံးတွင် မောင်လေးမှာ အငယ်ဆုံးဖြစ်၍ ဝင်းကြည်မှာ မောင်လေးကို ကောင်းမွန်စွာ စောင့်ရှောက်နိုင်သဖြင့် သူမှာမှာ မဟုတ်

ဘဲနှင့် ခံရပေါင်း မရေမတွက်နိုင်တော့ပြီ။ ယခုမူကား ကြီးလေးသော အပြစ်ကို ခံရတော့မည်။

ဦးတုတ်ပေါသည် ဝင်းကြည်၏ အခြေကို ကြားလျှင်ကြားချင်း -

"အောင်လေးရေ့. . . လာ. . . အောင်လေး"

ဟု ကုန်း၍ ခေါ်လေ၏။

အောင်လေးသည် အတိုးခေါ် သံကြား၍ မုန့်ကျွေးမည်ထင်ကာ အပြေးကလေး လာခဲ့လေ၏။ တွေ့ကားထင်ဆုံးအောင် ဒေါက်ရမ်း ဦးတုတ်ပေါသည် ချိုင်းကမြှောက်ယူပြီး 'ဓာတ်မီးဖြစ် ဆော့ရမလား' ဆိုကာ အပြင်းအထန် ရိုက်လေ၏။

အောင်လေးသည် နာလွန်းလှ၍ ပွက်လောရိုက်အောင် ငိုလေ၏။ သုံးအိမ်ကျော်လောက်၌ သွား၍ မိန်းမချင်း စု၍ အတင်းပြောနေသော အောင်လေး၏မိခင်မှမြင် ကြားသဖြင့် အမော်တစ်ရှုနှင့် အပြေးကလေး လာကြလေ၏။

"အမယ်လေး. . . အဖေ ဘယ့်နှယ်လုပ်တာလဲ။ ကျွပ်ကလေးကို မရိုက်ပေး ရက်စက်လှချေလား"

ဟုဆိုကာ အတင်းဆွဲယူထားမှ လက်လွှတ်လိုက်တော့၏။ ဦးတုတ်ပေါသည် အောင်လေး မီးဖြစ်ယူတော့ပြီ မီးတာဆွဲမြင့်ထား၍ မိမိနွတ်ခမ်းမွှေးကြီး လောင်ကုန်ကြောင်း ပြောဆိုပြသရာ မိန်းမတစ်စုမှာ ငိုအားထက် ရယ်အားသန်ကြလေ၏။

သို့သော် ကြာကြာ မရယ်ရဲ။ စိတ်နှလုံးထိခိုက်လှသော ဦးတုတ်ပေါ၏ မျက်နှာထားကြောင့် မျက်နှာပိုးသတ်ကာ နေလိုက်ရကုန်၏။

ဦးတုတ်ပေါသည် မိမိ မြတ်နိုးလှစွာသော နွတ်ခမ်းမွေး ဆုံးရှုံးရခြင်းနှင့် ခေါ်သအလျောက် မရိုက်ဖူး မြေးလေးကို ရိုက်မိခြင်းတို့ကြောင့် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပက်လက် မျက်ရည်များကျလာ၍ အရှေ့မှ နေသော လက်မောင်းကြီးနှင့် သက်ငယ်ပြစ်နှင့်တူသော မျက်ခုံးမွှေးကြီးများအောက်ဝယ် စီးထန်းထန်း မျက်ရည်တို့ကို သုတ်ကာ အိပ်ခန်းသို့ ဝင်သွားလေ၏။

✤ ✤ ✤

ထိုနေ့မှစ၍ ဦးတုတ်ပေါသည် သူ၏ နွတ်ခမ်းမွေးကြီးအတွက် မစားနိုင် မသောက်နိုင်ဖြစ်ကာ ဘေးနီးချုပ်စပ်ရှိ မိတ်ဆွေ ဆွေမျိုးများထံ တာအားဖြင့် လည်းကောင်း၊ လူကြုံဖြင့် လည်းကောင်း မိမိ နွတ်ခမ်းမွေး ဆုံးရှုံးကြောင်းကို အကြောင်းကြားလိုက်လေ၏။

ထိုမိတ်ဆွေ ဆွေမျိုးတို့လည်း မနေသာတော့ဘဲ ထူးတွေ့တည့် ဘုံရာသောက်ကို လာရောက် မေးမြန်းကြကုန်၏။ ထိုသူတို့သည် သူ၏ နွတ်ခမ်းမွေးအတွက် အိပ်ရာထဲမှနေ၍ နေ့ကြီးမွှင်ကျယ် ပြောနေပုံနှင့် သူ၏

မီးလောင်ပြီးသော နွတ်ခမ်းမွေးကိုကြည့်ကာ ထုပ်မြင်အောင် ရယ်ကြလေ၏။ သူ၏ မျက်မှောက်တွင်မူကား မရယ်ရဲ။ မသာအိမ်လာရသော သူများသဖွယ် ဝမ်းနည်းဟန်ဆောင်ကာ 'အောင်လေး'ဆိုးကိုကလေး' မကောင်းကြောင်းကိုသာ ဝင်းကြည် ပြောစကားအရ ယိုးမယ်ဖွဲ့နေကြရ၏။

ထိုနွတ်ခမ်းမွေး မီးလောင်မှုကြီးကား ဤကဲ့သို့လျှင် ဝင်းကြည်ပြောစကားအရ အောင်လေးကိုသာ အပြစ်တင်နေကြခြင်းဖြင့် ပြီးသွားလိမ့်မည်ဟု အောက်မေ့ကြရာ ဝဲ့ချွဲမှ ပင်စင်ရ စုံထောက်ရာဇဝတ်ဝန်ဟောင်း ဦးတုတ်ပေါ၏မိတ်ဆွေ ဦးဖော်ဝင်း ရောက်မှပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပြန်လေ၏။

စုံထောက် ဦးဖော်ဝင်း၏ ယူဆချက်မှာ ဤမျှ နွတ်ခမ်းမွေးကြီးကို မွှတ်မွှတ်ချုံးအောင် လောင်ခြင်းသည် မီးတာရှည်နေရုံနှင့် မလောင်နိုင်။ တစ်စုံတစ်ယောက်သောသူသည် တမ်နည်းတစ်ဖုံအားဖြင့် တမင်သက်သက် စီမံထားဟန်တူကြောင်း။ မိမိ အတိအလင်းပြောရလျှင် အောင်လေး မဟုတ်။ အောင်လေးထက် အသက်များရွာကြီးသူ (ကျား၊မ မခွဲ) တစ်ယောက် (သို့မဟုတ် တစ်ယောက်ထက် ပို၍)သည် ဦးတုတ်ပေါ အိပ်နေစဉ် ပထမ မီးတာကို ဆွဲတုတ်ပြီး ဓာတ်ဆီဆွတ်ထားသည်။ ဒုတိယ နွတ်ခမ်းမွေးကို (သို့မဟုတ် ဆေးလိပ်တိုပါ) ဓာတ်ဆီလောင်းလိုက်သည်။ နောက် ရုတ်တရက် ရှောင်သွားသည်။ ထို့ကြောင့်သာ ထိုနွတ်ခမ်းမွေးကြီးကို မြွတ်မြွတ်မြုန်းအောင် လောင်ကျွမ်းသည်ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားလျှင် ဦးတုတ်ပေါသည် ရုတ်တရက် အိပ်ရာထဲမှ ထထိုင်ကာ. . .

"အမယ်လေး. . . စုံထောက်ဉာဏ်များ တယ်ရှေ့ပါလား၊ ဒါဟုတ် ရမယ်၊ ဒါကြောင့် အိပ်ရာကနိုးတော့ ကျွပ်နွတ်ခမ်း ဆေးစိမ့်စိမ့် ဖြစ်နေတာပဲ၊ ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဦးဖော်ဝင်း စုံထောက်စမ်းပါ၊ စီတာရှာစေပေါ် ရင် ကစ်မေတိုင်မှာ အလုပ်လုပ်နေတဲ့ ကျွပ်သားကိုပြောပြီး ကြီးလေးတဲ့အပြစ်ကို ပေးနိုင်းမယ်"

ဟု ကြိမ်းဝါး ပြောဆိုလိုက်လေ၏။

မီးလောင်စဉ်မှာ အိပ်မှာရှိနေသူကို စုံစမ်းရာ (၁) အစေခံမလေး ဝင်းကြည် အသက် (၁၅) နှစ် (၆) လ (၂) မောင်မြတ်စ (၂၀) နှစ်နှင့် (၃) လ ဦးတုတ်ပေါ၏ သမက် ကိုအနိုင်၏ တူ ရောက်ပါလောင်းမြန်ထား၍ အိပ်ရာထဲ၌ နေရသူ။

ဤနှစ်ယောက်အနက် ဒုတိယလူမှာ ထင်မြင်ယူဆစွယ် ရှိနေ၍ စုံစမ်းကြည့်ရာ အောက်ပါအတိုင်း သိရ၏။

'မြတ်စ' ဆိုသည်မှာ အင်္ဂလိပ်ဘာသာမှ ဆင်းသက်လာသော အမည်ဖြစ်၏။ သူငယ်စဉ်က သူ့အမေလောင်နှင့် တူလွန်း၍ အင်္ဂလိပ်တို

Same Chip ဆီမ်းချစ်ဟူသော် ရာမှ မြန်မာလို ပြန်လိုက်သောအခါ 'ဖြတ်စ' ဖြစ်လာ၏။

ထက်မြက်သော ယောက်ျားတစ်ယောက်၌ (၁) အရက်သောက်ခြင်း (၂) လောင်းကစားခြင်း (၃) မိန်းမလိုက်စားခြင်း တည်းဟူသော ဝါသနာသုံးခုအနက် တစ်ခုခုကို ဝါသနာပါရမည်ဟု စာဆိုရှိရာ မောင်ဖြတ်စမှာ ထိုသုံးခုလုံးကို ခင်မြည်း ကျွမ်းမြည်း ဝါသနာပါသူ ဖြစ်သောကြောင့် သူ့အိမ်မှ သူ့ဘက် မခံနိုင်တော့ဘဲ နှင်ထုတ်ထား၍ ဝါသနာချင်းတူသူ သူငယ်ချင်း ဦးဘာနိုင်က ခေါ် ယူထားခြင်း ဖြစ်၏။

ဦးတုတ်ပေါ်နှင့် ရန်စဆိုး၍ကား နောက်တစ်လလောက်က ဦးတုတ်ပေါ်၏မြေ ဝေယ်လီခေါ် အပျိုမလေး လာစဉ်က မောင်ဖြတ်စက အတင်း လုပျိုကာ အပြောပြီး ဖက်နမ်းမိ၍ ဦးတုတ်ပေါ်က နားကြည့်ကြည်း မြွေဆိုဖူး၏။

ထို့နောက် ဦးဓော်ဝင်းက သူ့ကို တီးခေါက်ကြည့်သောအခါမှ ယခု စကားစွာပင် "ဦးမင်း ထင်မြင်ယူဆချက်မှာ များစွာ လျော့ကန်သင့်မြတ်လှပါကြောင်း၊ သို့သော် အမြဲလှ တစ်ခုတစ်ယောက်၏ ပယောဂ မပါဘဲ သူ့ကိုယ်တိုင်ပင်လျှင် သူဟာသူ သူတော်သင်ချင်၍ ဉာဏ်ဆင်ခြင်မှုသည်လည်း ဖြစ်နိုင်ပါကြောင်း၊ အကြောင်းမှာ အချို့သော လူကြီးများသည် မိန်းမငယ်ကလေးများကို ယူချင်လာ၍၊ ကြီးရာမှ ငယ်ရွယ်နုပျိုလာစေအောင် ဆံပင်ကို ဆေးဆိုးခြင်း နှုတ်ခမ်းမွေးကို ရိတ်ပစ်ခြင်းများကို တွေ့ကြုံဖူးပါကြောင်း၊

ယခု ကျွန်ုပ်တို့၏ တွေ့ရှုချင် ဘိုးဘိုးပေါ်မှာသည်း ပုထုဇဉ်ဖြစ်၍ မဖောက်ပြန်ဟု မပြောနိုင်ပါကြောင်း၊ သူ၏ နှုတ်ခမ်းမွေးမှာ အစဉ်သဖြင့် မွေးရာပါမိန့်ဂုဏ်ကို အသားယူထားသည်ဖြစ်၍ အလိုအလျောက် ရိတ်ပစ်ရန် ခံယူဦး၍ ဉာဏ်ဆင်ခြင်သည်လည်း ဖြစ်နိုင်ပါကြောင်း၊ မိမိမှာမူ အကျသိုလ်ဝင်လာက ရောဂါဟောင်း ပြန်ထနေသူဖြစ်၍ ဤကဲ့သို့ မကောင်းမှုကြီးကို မပြုပါကြောင်း . . . "

စသည်ဖြင့် ခေါင်းရှာ ပြောပြလေ၏။

ဦးဓော်ဝင်း ကိုယ်တိုင်ပင် မောင်ဖြတ်စပြောသကဲ့သို့ နှုတ်ခမ်းမွေး ရိတ်ပြီး မိန်းမငယ်လေး ယူမည့်သူဖြစ်၍ ဤအမှုကို ဆက်လက်စုံစမ်းရန် နှုတ်ဆိတ်ဖြစ်နေစဉ် ပဲရာမှ မိမိသော အလျော့ဆုံးကလေး လင်ငယ်နောက် လိုက်သွားပြီဟု သတင်းရောက်လာသဖြင့် အလျင်အမြန် ပြန်သွားရလေ၏။

ပြန်ခါနီးတွင် မိတ်ဆွေဦးတုတ်ပေါ်မှာ နှုတ်ခမ်းမွေးအတွက် မအိပ်နိုင် မစားနိုင် အိပ်ရာထဲလဲပြီး ငိုနေသည်ကို သနား၍ နှုတ်ခမ်းမွေးကို အလျင်အမြန် နဂိုအတိုင်း ပြန်ဖြစ်ရန် ရှာမှီပြည့်မှုလာသော ဆေးရှိကြောင်း၊ ထိုဆေးမှာ သုံးခါမျှ သုတ်လိမ်းလိုက်လျှင် ဘိုးဘိုးအောင် ဆင်းလာပြီ ကောင်စရာနှင့် ထိုးမပေလိုက်သကဲ့သို့ အုံကြွလာမည်ဟု ရုတ်တရက်



ချက်ချင်း နဂိုအတိုင်း ပြန်ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခု ဂျပန်ခေတ်က ပင်လျှင် လက်ကျန်များ ရှာ၍ရနိုင်ကြောင်း၊ ပုလင်းပုံသဏ္ဌာန်မှာ **မုတ် ရှည်သော ပြာသော** လုံးတုံးဖြစ်၍ တံဆိပ်မှာ ကျွန်းပေါ် တွင် မရှိပေ သော 'ကတ္တူကတ္တူ'ခေါ် ဈေး (၃) ဆောင်းရှိ အကောင်ရုပ် ဖြစ်၏၊ ပုလင်း ပတ်တွေ့ပေါ် တွင်မူ မည်သည့်လူမျိုးမှ မဖတ်နိုင်သော စာကို ရေးထား ကြောင်း စသည်ဖြင့် ဦးတုတ်ပေါ် အိပ်ရာမှထအောင် ဉာဏ်ဆင်ပြီး မှာ ထားခဲ့လေ၏။

ဦးတုတ်ပေါ်မှာ ထိုစကားကို ကြားသည့်နေ့မှ စ၍ . . .

"ကျုပ် တီးကြောင်ကလေးမှာကျန်တဲ့ ငယ်ထဲစိမ်း ကုန်ချင် ကုန် ပါစေတော့။ ဒီဆေးကို မရ ရအောင် ရှာမယ်"

ဟုဆိုကာ အိပ်ရာမှ မနားတော့ဘဲ ရန်ကုန်မယ်တစ်ဖိုက် စေ့နှံ့ သွားကို မြေလှန်စနစ်ဖြင့် ရှာလေ၏။ ထိုစဉ်အတွင်းမှာလည်း ဝမ်းနည်းသည် ပေါ် ပူးပေါ်ကြီး ညွှန်ကြားချက်အရ နှုတ်ခမ်းမွေးနေရာကို ကြက်သွန် မြိတ် တို့ကိုထား၍ သွားနားဆောပ်လိုက်လျှင် ကြက်သွန်နံ့ အနေတောင်း ထောင်း ထနေလေ၏။

✤ ✤ ✤

ဤကဲ့သို့ မနေမနား ရှာဖွေခဲ့ရာ ရက်ပေါင်းအတော်ကြာသော အခါတွင် သူ၏ မရှိသော ဆေးကိုကား မတွေ့၊ ရှေးဟောင်း တံဆိပ် ဘိုးတော်ကျောင်း၏ နောက်ဖေး ကုလားဈေးတင်ကုပ် နှစ်ကြောင့်ရှိ ညနေစျေးကလေး တွင် အသက်ကော်ပြီ များအိပ်ထဲဆိုင် ဘိုးတိုက်ကာရန်ဒီ တစ်ပုလင်းကို တွေ့လေ၏။

အမတ်ဖြစ်စဉ်က အရက်အကြောင်းကို ခံကောင်းကောင်းနားလည် ခဲ့သော ဦးတုတ်ပေါ်သည် မဆိုင်းမတွ ဈေးမဆစ်ဘဲ တစ်ရာတစ်ယောက် နှင့် လှ၍ ဝယ်လိုက်လေ၏။

ဤမျှ ရှားပါးခက်ခဲသော အရက်ပုလင်းကို ကြည့်ကြည့်ပြုံးပြုံး ရှိ၍ မိမိ၏ နှုတ်ခမ်းမွေးပေါက်ဆေးကို ရသလောက်နီးပါးမျှ ဝမ်းသာကာ ပယင်းရောင် အဆင်းကလေးကို ကြည့်ရှုရင်း ဟိုးယခင် အမတ်ဘဝတွင် ဤအရက်ဒီဇိုင်နှင့် မြို့ထုတ်ပွဲစဉ်က ဟိုတယ်မယ်မင်းလေးများ၏ ကန့်ကလ အမူ အရာကလေးများကို တွေးတောနေစဉ် ရုတ်တရက် မမျှော်လင့်သော မိမိ သမီး မမြခင်၏ ချွန်စီလာကိုက်သည် မျက်စိထဲ၌ ကွင်းနေပေါ်လာသဖြင့် ရင်ထဲတွင် ဒိတ်ခနဲဖြစ်ကာ. . .

"ဟိုက်. . . မဖြစ်ဘူး မဖြစ်ဘူး၊ သောက်လို့ မဖြစ်ဘူး၊ သူ မိန့်မှာ အရေးကြီးတယ်။ ခါတိုင်း ကလေးတွေတွေနှင့် ဒါနဲ့ရှည်း ပူးနေတာ သူ့ ပေးမှပဲ၊ အင်း. . . သူ့ပေးလိုက်ရင်တော့ ဘယ်လောက်များ ဝမ်းသာ မလဲ"

ဟု ပြောသောအခါ ရုတ်တရက် အမြန် အိမ်သို့ ပြန်ခဲ့လေ၏။

အိမ်သို့ ရောက်လျှင် ရောက်ချင်း မိမိ ရှားရှားပါးပါး ရလာခဲ့သော ပန္နည်းကို လက်ထဲမှ မချပဲ ဝမ်းသာအားရ ပြောဆို ကြွားဝါလိုက်ချင်လှသည်။ သို့သော် အိမ်၌ မမြခင် မရှိ။ အစေခံဝင်းကြည်နှင့် အသည်းအသန် ရောဂါထနေသော မောင်မြတ်စသာ ရှိသည်။ ထိုနှစ်ယောက်အနက် ဝင်းကြည်က ဘာမှ နားမလည်၍ အကျိုးရှိမည် မဟုတ်။ နားလည်သောသူကို ပြမှသာ အသားပါမည်ဟု အကြံရကာ လူနာ၏ အခန်းပေါက်ဝသို့ သွား၍-

"ဟေ့.. မြတ်စ"

ဟု ခေါ်လိုက်လေ၏။

မောင်မြတ်စသည် တစောင်းအိပ်နေရာမှ ...

"ခင်ဗျာ"

ဟု မသက်သာသောအသံဖြင့် ထူးကာ သူ၏ ကိုက်ခဲလှသော ခေါင်းတစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဖိနှိပ်ရင်း သမင်လည်ပြန်လှည့်၍ ကြည့်လေ၏။ ပုလင်းကို ကိုင်မြှောက်ပြရင်း ...

"ဟေ့.. ဒီမှာ ကြည့်စမ်းကွ"

"ဘာလဲဗျ ကဗ္ဗူနကဗ္ဗာတံဆိပ် နှတ်ခမ်းမွှေးဆေး ရခဲ့ပြီလားဗျ"

"မဟုတ်ပါဘူးကွ၊ ဘာရန်ဒီလေ၊ ပူးဘုံတံဆိပ် အိုဟိုက်ဘရန်ဒီ အစစ်ပေါ့ကွ"

အိုဟိုက်ဘရန်ဒီ အစစ်ဟု ကြွားလိုက်လျှင်ပင် မောင်မြတ်စသည် အုံ့ပြလန်နေ့ရှုပ်သော အမူအရာနှင့် အိပ်ရာမှ လူးလဲထကာ ကြွားရသော အသက်ကိုပင် မယုံကြည်နိုင်သော မျက်နှာထားဖြင့်...

"ဘာ.. အိုဟိုက်ဘရန်ဒီ အစစ်၊ ကြံကြံဖန်ဖန်ဗျာ၊ မဟုတ်နိုင်တာကြီးကို ဒီလိုအခါကြီးမှာ ခင်ဗျားက ဂျိုးဂျော့ မဟာညွှင်းကြီးထင်ပါရဲ့"

"မဟာညွှင်းဆိုတာ ဘာလဲကွ"

"မဟာညွှင်းဆိုတာ ပုလင်းညွှာပေါ့ကွ"

ဦးတုတ်ပေါ၏ မျက်နှာမှာ ရုတ်တရက် တင်းမာခက်ထန်လာကာ-

"ဘာ... မင်းက ငါ့ကို အညာမိရအောင် လူအ မှတ်လို့လား။ မင်းတိုင်ပင်အမတ် လုပ်လာတဲ့ အကောင်ကွ။ ဒီမှာကြည့်စမ်း၊ သိကြီး စက်နဲ့ ထိပ်က ဖိပတ်ထောင် မပွန်းသေးဘဲ"

ခေါ်နှင့်မောနှင့် သွား၍ပေးလိုက်၏။

မောင်မြတ်စသည် သေသေချာချာ ကိုင်တွယ်ကြည့်ရင်း အမဲလိုက် ခွေးကဲ့သို့ ပုလင်းကို အနံ့ခံကြည့်ကာ ရုတ်တရက် ခေါင်းထောင်လာပြီး ...

"ဟာ.. အစစ်ပဲဗျို့ ဘိုးဘိုး၊ ဘယ်ကရခဲ့တာလဲ၊ တစ်လုံးတည်းလားဟင်၊ ဘယ်လောက်ပေးခဲ့ရသလဲ"



ဟု ဝမ်းသာအားရမေးမြန်းကာ ရောဂါသွားတစ်ပါး ကိုယ်သင့်ပြီသည်တွင် ဖျမြင်ရသကဲ့သို့ ဦးတုတ်ပေါ်၏မျက်နှာကို မေးမော ကြည့်နေလေ၏။

ဤတွင် ဦးတုတ်ပေါမှာ အကျေနပ်ကြီး ကျေနပ်ကာ...

"ဟဲဟဲ... ဟဲ ဟဲ... ငါ လုပ်ပါ့မကွ။ အစစ်မှန်းသိလို့ ဝယ်ခဲ့တာ။ ရေကူးကတ္တူ(၅၅) ကျပ်တည်း ပေးခဲ့ရတယ်။ နားမလည်တဲ့ ဟီးနှူးကလားဆီကမို့ပေါ့။ နားလည်တဲ့လူဆို ဘယ် တစ်ရာပေးတောင် ရမလဲကွ"

"ဘိုးဘိုးက သိပ်တော်တာပဲဟင်၊ ကျွန်တော် ဘိုးဘိုးကို သိပ် ကျေးဇူးတင်တာပဲ၊ ကျွန်တော် ဆေးလိုနေတာနဲ့ အဆင်သင့်ပဲ၊ ကျွန်တော် သာ ဒါသောက်လိုက်ရရင်..."

မောင်မြတ်စ၏ စကားမဆုံးမီ ဦးတုတ်ပေါ၏ မျက်နှာမှာ ရုတ်တရက် တင်းမာခက်ထန်သွားပြန်ကာ...

"အောင်မာ... အောင်မာ မင်းလိုမျိုး မှတ်နေလား၊ ရှာရှာစေပါတောင် မသောက်ရက်ဘူး၊ ငါ့သင်္ကြံ မီးနေသည်သောက်ဖို့ ယူလာတာလေ... လေ..."

မောင်မြတ်စက ပြန်၍ မပေးဘဲ ...

"ဘိုးဘိုးကလည်းဗျာ အန်တီစိုက်ကာ ခုမှ ခုနစ်လလောက်ရှိသေးတာ၊ သုံးလလောက် လိုသေးတာပဲ၊ ကျွန်တော် ဒါသောက်လိုက်လို့ ကုန်းမလာတော့ အစား ရှာပေးမှာပေါ့ဗျ"

"အောင်မာ... မင်းလိုကောင်မျိုးလား ရှာရမှာ သေတော့မလို ရောဂါနဲ့ ပေးပါကွာ"

"ဘိုးဘိုးကလည်း ရှာရင်ရမှာပေါ့၊ ဘိုးဘိုးနဲ့ ကဗ္ဗူနကဗ္ဗာတံဆိပ် နှုတ်ခမ်းမွှေးဆေးတောင် ရှာပေးပါပြီးမယ်၊ ဘုရားစူးပါစေ၊ ဘိုးဘိုး နှုတ်ခမ်းမွှေး မီးလောင်ကတည်းက ကျွန်တော် တစ်နေ့မှ စိတ်မကောင်းဘူး မမာနေလို့သာ၊ မာရင် ကြာလှပြီ ရှာပေးတာ"

"ဟေ့ မြတ်စ ချွဲမနေနဲ့ကွာ၊ ပေးစမ်းပါ မြန်မြန်"

"ဘိုးဘိုးကလည်းဗျာ ပြပြီးမှတော့ ပေးပါတော့ဗျာ၊ ခွေးဝမ်းသာအောင် လေလည်ပြသလို မလုပ်ပါနဲ့ဗျာ၊ ငရဲကြီးတတ်ပါတယ်"

ဦးတုတ်ပေါသည် သည်းမခံနိုင်တော့ဘဲ...

"ပေးကွာ"

ဟုဆိုကာ အတင်းလုယူ၍ ထွက်သွားလေ၏။

မောင်မြတ်စမှာ အားမနိုင်၍ မာန်လျှော့လိုက်ရကာ...

"ဒိုး... အသည်းတော့ လာပြီပြီတော့ မပေးနိုင်ဘဲနဲ့ နှုတ်ခမ်းမွှေး တင် မဟုတ်ဘူး၊ မျက်ခုံးမွှေးကြီးပါ မီးနဲ့ပစ်ဖို့ကောင်းတယ်၊ ဒီဘရန်ဒီ တော့လားကွာ၊ မရ ရအောင်ကို ခိုးသောက်မယ်"

ဟု မကြားတကြား ရေရွတ်လိုက်လေ၏။

ဦးတုတ်ပေါ်မှာ မိမိ ခဲရာခဲဆစ်ရလာခဲ့သော ဘရန်ဒီကို လာ ရောက်ယူသော အသားယူကြွာပေါ်သွား၍ ကျေနပ်သလောက် နှင့်ဖွတ် မ် ရုံးသိန်ခဲ့သော မောင်ဖြတ်စမှာ မသက်သာရှိလှချေ၏။ အကြောင်းမူ ကား ညနေ (၆) နာရီတွင် ငါးကြော်၊ တွေးတောက်ရွက် ဟင်းချိုနှင့် ဝင်းကြည် ထမင်းလာပွဲသောအခါ ဖြတ်စမှာ စားနိုင်၊ မသောက်နိုင် ဖြစ်နေတော့ရလေ၏။

လက်ဆရှေးသောကာ ငါးကြော်ကို မှုပ်ပါးလိုက်ပြီး ထမင်းတစ်လုတ် စားလိုက်ရာ မျိုမျိုမကျ ရေတူခန့် လေးလှန်လာလျှက် ရှိခဲ့နေ၏။ တွေး တောက်ရွက် ဟင်းချိုကို သောက်ချလိုက်ရာ လည်ချောင်းထဲ၌ နင့်ခနဲ ဖြစ်သွားပြီး အကြောင်းမထူး၊ နောက်ထပ် စားချင်စိတ် မရှိ ‘ဘာကြောင့် ပေလဲ’ဟု စဉ်းစားလိုက်ရာ ပုလင်းတစ်လုံး မျက်စိထဲ၌ ကွက်ခနဲ ပေါ်လာ ပြီး ဘရန်ဒီ. . . ဘရန်ဒီ. . . ဘရန်ဒီသောက်ချင်၍သာ ထမင်းမစားနိုင် ဖြစ်နေသည်ကို သူ တွေးမိလေ၏။

ဝမ်းထဲက ဟာသည်၊ လေပျို့သည်၊ အာသည်။ သို့သော် စားချင် စိတ်မရှိ၊ လျှာလေးသည်၊ သွားရည်ကျ၏၊ ခွန်း ပန်းကန်ကိုင်လျှင် လက် တုန်နေ၏။ ဤကား ရေချိန် မကိုက်သေးသော အသောက်သမားတို့၏ ဝုက္ခတည်း။

မောင်ဖြတ်စသည် အိပ်ရာထဲ လဲသည်မှစ၍ အရက်ဖြတ်ထား ခဲ့ရာ ငါးရက်မျှကြာသောအခါ နေနိုင်ထိုင်နိုင် ကျင့်သားရခဲ့ပြီး ဖြစ်ခဲ့၏။ ယခုမူ မီးမီးပြာနုံကို မှတ်၍ ပေးလိုက်သကဲ့သို့ ဦးတုတ်ပေါ်၏ ကမော်တိုက် မှုကြောင့် စောနာလောင်း ပြန်ပေါ်လာခြင်း ဖြစ်၏။ ဖုနေ့ဘဝါပ်၌ ဦးတုတ် ပေါ် ထို ပုလင်းကိုင်၍ လာခဲ့ပါမူ နိုက်၍ ယူလိုက်မည်ဟု တောက်ခေါက်မိ၏။

သို့သော် ယခုအခါ၌ ထိုပုလင်းကိုရရန် အဘယ်နည်းနှင့်မျှ မဖြစ် သေး။ သစ်မရှိစေကြား ဝါးခေါင်းကျွပ်မှုပဲဟု ကြံမိရာ ဝင်းကြည်ကို အသာ လက်ပြခေါ်လိုက်၍ ယမ်းထိပ် လန်ဘားခေါက်ဆွဲဆိုင်တွင် ချက် အရက်တစ်ပိုင်းနှင့် ပေါ်နံကင် တစ်ကျပ်ဖိုးဝယ်ရန် ငွေသုံးကျပ်နှင့် လွှတ်လိုက်ရလေ၏။

ထိုချက်အရက်ရောက်မှပင် ထမင်းကို မြိန်ရက်စွာ စားနိုင်၍ စားပြီး ဗိုက်လေးလေးရှိသည်နှင့် တုံးလုံးလုံကာ အိပ်လိုက်လေ၏။

သူ မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။ ⁄

“ဒါဖြင့် ဟန်ကျတာပဲ၊ ဦးဘရန်ဒီ ရှိနေပေါ့”

ဟူသော သူ့ဦးလေး ကိုဘနိုင်၏ မှုးပါကြီးကို ကြားမှ တနိုးတာ ဘရန်ဒီအကျောက် သူ့ဦးလေး သောက်ပစ်မည်ကို စိုးရိမ်ကာကြီး ဖြစ်မိလေ၏။ ထိုအခိုက် မဖြစ်ငံ၏အသံ ပေါ်လာလေ၏။



“အောင်မလေး မလုပ်ပါနဲ့ရှင်၊ ကျွန်မ မီးဖွားတော့ သောက်ဖို့ပါ။ ပေးပါ”

“ဟဲဟဲ. . . ဟဲဟဲ. . . မင်းတို့က ဘာသောက်သောက်ဖြစ်တာ၊ သူ မီးဖွားဖို့က အရှေ့ကြီးပါတယ်၊ ပေးလိုက်ပါကွာ”

ဟု ဦးတုတ်ပေါ် ပြောသံကိုပါ ကြားလိုက်ရ၏။

“ရော. . . ရော ဒါဖြင့်ထားလိုက်၊ ကြောင်အိမ်ထဲထားလိုက်”

ဟုဆိုကာ ပုလင်းပြန်ပေးပြီး အိမ်ရှေ့ခန်းသို့ ထွက်သွားလေ၏။

“ကိုနိုင် ဘယ်လဲ၊ လာ ထမင်းစားလေ ထမင်းပြင်ပြီးပြီ”

“ဟာ ငါမစားတော့ဘူးကွာ ဗိုက်ပြည့်နေတယ်”

“ထမင်းဟင်းတွေ အလကား ဖြစ်ကုန်တော့မယ်၊ ကြက်သား ကြော် သရက်သီးသုပ်နဲ့ တွေးတောက်ရွက်ဟင်းချိုလေးကလည်း ချိုကချိုနဲ့ လာစားလိုက်ပါ”

“မဆာဘူးနော၊ အဝိုပေါ့ကွာ၊ ငါတစ်ရေးနိုးမှ စားမယ်၊ ထားလိုက် ထားလိုက် အိပ်မယ်ကွာ၊ မင်းတို့လည်း စောစောအိပ်ကြ”

ဟုဆိုပြီး သူ၏ အိပ်ခန်းဆီသို့သွားရင်း မောင်ဖြတ်စ၏ အခန်း ပေါက်တွင် ခေတ္တရပ်ပြီး . . .

“ဟေ့. . . ဖြတ်စ အိပ်နေပလား၊ ဘယ့်နှယ်နေသေးလဲ၊ မနေ့က ထေးနဲ့ ဟန်ရဲ့လား”

“ဟန်ပါလိမ့်မယ် ထင်ပါရဲ့ဗျာ၊ အကြောအခြင်တွေ ကိုက်နေ တယ်”

“အေးပေါ့ကွာ၊ ရောဂါဆိုတာ ဒီလိုပေါ့ မသေနိုင်ပါဘူး” ဟုဆိုပြီး သွားလေ၏။

ယနေ့ ကိုဘနိုင်၏ အမှုအရာမှာ ခါတိုင်းနေ့များနှင့် မတူချေ။ ခါတိုင်းနေ့များတွင် အိမ်သို့ ရောက်လျှင်ရောက်ချင်း ရေမိုးထမင်းစားပြီး အရက်ရှိန်ပြန်၍ ပုတိုက်လုသဖြင့် အဝီစိတံလုံးမွှတ်ကာ အိမ်ရှေ့စည့်ခန်း ကြမ်းပြင်ပေါ်တွင် ကလေးနှင့် မင်္ဂလာပေါင်းခွ လှလှိမ့်ရင်း အိပ်ပျော်လေ့ ရှိ၏။ တစ်ရေးနိုးမှသာ အိပ်ခန်း ဝင်လေ့ရှိ၏။

ယနေ့မူကား ထမင်းမစားသေးဘဲ စောစောစီးစီး အိပ်ခန်းဝင် သည်။ အခြားသူများကိုလည်း စောစောစီးစီး အိပ်ခိုင်း၏။ ယခင်အခါ များ၌ သူ တခြားမှ ထမင်းစားလာခဲ့လျှင် သူ့ဖို့ ချန်ထားသော ထမင်းဟင်း များကို မတော တစ်ရွေးသော ဝင်းကြည်အား စားခိုင်း၏။ ယခုမူ ဤသို့ မခိုင်း။ တစ်ရေးနိုးမှ ထစားမည်ဟု ထူးထူးခြားခြား ပြော၏။ စောစော သူ တစ်ရေးနိုးတွင် ဘရန်ဒီတစ္ဆယ်ပြီး ထမင်းစားလိမ့်မည်ဟု သူ့ဦးလေး စာတ်ကို သိနေသော မောင်ဖြတ်စ အတိအလင်း တွေးမိ၏။

“သွားဘာတွယ် ခံရိုလား၊ သူ့အရင် ဦးအောင် ထဆော်လိုက်မည်”

ဟုဆိုဖြတ်ကာ မောင်ဖြတ်စသည် အရက်သောက်သူတို့၏ ထုံးစံအတိုင်း တစ်ရေးနိုး ရေဆာလှသည်နှင့် ရေနွေးခွက်မှ သောက်လိုက်ရာ အတွင်းအရက်ဓာတ်နှင့် တွေ့သဖြင့် ပြန်၍ ရိုက်ကိုက်ပြီး အိပ်ပျော်သွားလေ၏။

သူ ဒုတိယအကြိမ် နိုးလာသောအခါ၌ နာရီပြန်တစ်ချက်မှ ထိုးချပြီ။ ဦးတုတ်ပေါ်၏ ဟောက်သံနှင့် ကလေးတို့၏ အသက်ရှူသံမှတစ်ပါး အသံမကြားရတော့ချေ။ ဘရန်ဒီပုလင်းနှင့် ပတ်သက်သော အိပ်မက်ပေါင်းများစွာကို မက်ခဲ့၍ ဘရန်ဒီပုလင်းကိုသတိရပြီး ရုတ်တရက် ထထိုင်လိုက်သည်။ သူ့အ၌ နိုးသောက်ရန် ကြံစည်လိုက်၏။ ပုလင်းမှာ တစ်ဖက်အခန်း ကြောင်အိမ်ထဲတွင် ရှိနေ၏။ ထိုအခန်းတွင် ဝင်းကြည်တစ်ယောက်အိပ်သည်။ သို့သော် ကိစ္စမရှိ။ ဝင်းကြည်သည် ကာလနာပါ၏ စံချိန်ကို ချိုးရန် လေ့ကျင့်နေ၏။

ပုဆိုးကိုဝတ်၍ ထရန် ဟန်ပြင်လိုက်၏။ သူ့ဗိုက် အလွန် လေးလံ၍နေသည်။ အကြောင်းမူကား ညနေက သောက်ထားသော အရက်နှင့် နောက်ထပ်သောက်သော ရေနွေးခွက်မှာ ဆီးအိမ်ထဲ၌ ပြည့်နှက်ပြွတ်သိပ်နေ၏။ အသာကလေး ဖင်ရွှေ့သွားကာ တစ်ဖက်ခန်းမှ မကြားအောင် နောက်ဖေးခွက်ထဲသို့ မွေးထီးဟိုတိန်းနည်းဖြင့် စွန့်ထုတ်လိုက်ရ၏။ ကိုယ်လက်အင်္ဂါ ပေါ့ပါး၍ သွားကာ ထ၍ မီးနက်၏ ခြေလှမ်းမျိုးဖြင့် တစ်ဖက်ခန်းဆီသို့ လျှောက်သွားလေ၏။

ရက်အတော်ကြာစွာ လင်းမလျှောက်ဘဲ နေခဲ့ရာမှ ညနေက ချက်အရက်ကလေး၏ တန်ခိုးကြောင့် ကောင်းမွန်စွာ လျှောက်နိုင်လေ၏။ အခန်းပေါက်ဝသို့ ရောက်လျှင်ပင် ငြိမ့်ငြိမ့်သက်သက်ရှိသော ဝင်းကြည်၏ အသက်ရှူသံကို ကြားရလေ၏။

လပြည့်ကျော် (၇)ရက်၏ ထွက်ခါစ မှိန်မှိန်သော လရောင်ကလေးသည် ဝင်းကြည်၏ ခြေရင်းဘက် ပြတင်းပေါက် မျှင်တပ်ကလေးမှ မိမိဆည်းယဉ်း ဝင်ရောက်ကာ ကြောင်အိမ်နံဘေးသို့ မသိမသာ အလင်းရောင်ကလေး ပက်ဖျန်းနေ၏။ မောင်ဖြတ်စသည် ထိုအလင်းရောင်ကလေးကို မှန်းဆကာလာခဲ့၍ ကြောင်အိမ်တံခါးကို အသာကလေးဖွင့်ပြီး ဘရန်ဒီပုလင်းကို ကိုင်၍ ထွက်မည်အပြုတွင် နောက်ဖေး မီးဖိုဆောင်ဘက် တံခါးမှ ရုတ်တရက် ပညီပညီသဏ္ဍာန်ကြီးတစ်ခု ပေါ်လာသဖြင့် သတ္တိကောင်းသော မောင်ဖြတ်စမှာ ကုန်း၍ မထောက်မိရန် မနည်း ချုပ်တည်း၍ ထားလိုက်ရ၏။

ထိုသဏ္ဍာန်ကား အခြား မဟုတ်။ အကြံတူညာဏ်တူ နောက်ဖေးဆောင်မှ ကွေ့ပတ်ပြီး ဖောက်တံနှင့် ဖန်ခွက်ကိုင်လာသော သူ၏ဦးလေး ကိုဘနိုင် ဖြစ်ချေ၏။





ကိုဘနိုင်သည် လရောင် မှိန်မှိန်ကလေးကြောင့် မောင်ဖြတ်စ ပုလင်းကို ကုန်းယူမည် ပြုနေသည်ကို သိရ၍ . . .

"ဟေး . . . ဖြတ်စ၊ မင်းလည်းပဲ . . ."

ဟု နှုတ်ဆက်လိုက်မှ မောင်ဖြတ်စမှာ သူ့ဦးလေးမှန်းသိရသဖြင့် အကြောက်ပြေသွား၏။ သို့သော် ချိန်ကြီးနှင့် ဘုန်းကလေးဖြစ်၍ ဘာမှ မပြောနိုင်။ ရှုရှုကြောင်ကြောင်ဖြစ်နေရာ ကိုဘနိုင်က တစ်ခါဆက်၍ . . .

"လာဟွာ အတူတူ နိုပ်ကြတာပေါ့။ ငါလည်း မင်းအဒေါ် မသိအောင် ထလာတာကွ"

ဟုဆိုပြီး ဖန်ခွက်နှင့် ဖောက်တံကို ကြောင်အိမ်ပေါ် တင်လိုက်မှ အသက်ရှူပြောင့်သွားကာ တစ်ခုတစ်ခုကို ပြန်ပြောလိုက်မည် အပြုတွင်

"ဟင်း . . . ဟိုက်"

ဟု တူဝရီးနှစ်ယောက်စလုံး၏ ပါးစပ်မှ တစ်ယောက်တစ်ပေါက် ထွက်မိလေ၏။

အကြောင်းမှာ တစ်ဖက်ခန်းမှ 'ချောက်' ဟု ခလုတ်ဖွင့်လိုက်သံနှင့် တစ်ချိန်တည်း သူတို့သူ့ဖိုးခန်းမှာ မီးထိန်ထိန် လင်းသွားသောကြောင့် တည်း။

နှစ်ယောက်သား ကြက်သေသေနေပြီး တစ်ယောက်မျက်နှာ တစ်ယောက် အံ့အားသင့်စွာ ကြည့်နေရာမှ နံဘေးတစ်ဖက်သို့ မျက်နှာလွှဲလိုက်ကြရာ . . .

"ဟင်း . . . ဟယ်"

ဟု နှစ်ယောက်စလုံး တစ်ယောက်တစ်ပေါက်စီ တစ်ဆက်တည်း ဒုတိယအကြိမ် အသံထွက်သွားပြန်လေ၏။

ထိုအကြိမ်ကား အခြား မဟုတ်။ သူတို့၏ စိတ်ထဲတွင် မည်သို့မည်ပုံ ဖြစ်ပေါ်သွားသည်ဟု ထုတ်ဖော် မရေးနိုင်လောက်အောင် မမြင်ဘူး မကြည့်ဖူးသော အရာဝတ္ထုပစ္စည်းတို့ကို တွေ့မြင်ရသောကြောင့်တည်း။ အကြောင်းမူကား (၁၅) နှစ် (၁၆) နှစ် အရွယ်ရှိသော ဝင်းကြည်၏ အအိပ်ဆိုးပုံ ဖြစ်ပေ၏။

အကယ်၍သာ မယ်မြန်မာ၊ မဟော်ဘဲ ပြိုင်ပွဲရှိသကဲ့သို့ မယ်အအိပ်ဆိုး ပြိုင်ပွဲရှိလျှင်မူကား ဝင်းကြည်သည် မယ်အအိပ်ဆိုးဘွဲ့နှင့် ဝိန်ဘာယက်ကြိုးကို ယူမည်မှာ သေချာလှတော့၏။

မကြာသေးမီက မမြဲမြဲဝတ်ပြီး ဆောင်းခွမ်း၍ ပေးဝတ်စေသော ပိတ်စွန့်လုံချည်ကလေးမှာ ခါးတွင် ဂျပ်ကြီးသဖွယ် လိပ်ကျစ် ရစ်ခွေနေ၏။ အပေါ် ရင်စေ့အင်္ကျီမှာ နံဘေး၌ ခြုတ်ပုံသားနှင့်၍ သူနှင့်မတန် ပူရောင်းသော သားသည်အမေတစ်ဦး၏ ရင်မိအင်္ကျီကြီးသည်လည်း လည်ပင်းတွင် စုပုံနေသဖြင့် အရေးကြီးသောနေရာတို့မှာ ဟာလာဟင်းလင်းဖြစ်၍ နေလေ၏။

ပုတ်ကိုက်၍လား မသိ၊ ကိုယ်လုံးကို ခင်းစင်းကြီး ပက်လက်လှန်ကာ ခေါင်းတစ်ဖက်ကို ဆန့်ကားထား၍ အမြီးခေါင်းတစ်ခုမှာ (၁၁) နစ်ပိုင်း ခေါင်းတစ်ဖက်ကို ဆန့်ကား၍ ပက်လက်ပိုင်း ဒီဂရီမျှသော စောင်း၍ ဆောင်ထားလေသဖြင့် အပျို့ပေါက် ဝင်းကြည်၏ ဝတ်လစ်စားလစ်ပုံသဏ္ဍာန်မှာ တုဝန်နှစ်ယောက်၏ မျက်မှောက်တွင် လယ်မြင်းဆင်သွားသကဲ့သို့ ထင်ရှားလှပေတော့၏။

ဖယောင်းတိုင် (၂၀) အားရှိသော ဓာတ်မီးမှုန်၏အောက်တွင် အိပ်ပျော်နေသူ၏ ကိုယ်လုံးကိုယ်ပေါက် အလှပြပွဲကို တုဝန်နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဘာမှမပြောနိုင်ဘဲ မည်မျှကြာကြာ စိတ်ဝင်စားနေကြသည်ကို မသိ။

"ဘယ်လိုများ ဖြစ်နေကြတာလဲ ကြည့်ကြဦးမလဲ"

ဟု မမြခင်၏ ရည်ရွယ်ချက်အောင်မြင်သောအသံကို ကြားမှသာ နှုတ်ဆက် လန့်ဖျပ်ပြီး...

"ဟင်... ဟော"

ဟု တစ်ယောက်တစ်ပေါက် အသံမြည်ထွက်ရင်း 'ဟောတောက် တန်း' ဟူသော အသံနှံပေးသံကို ကြားရသကဲ့သို့ နှစ်ယောက်သား မမြခင်၏ ဘက်သို့ အယ်ကြည့်လှည့်လိုက်ကြလေ၏။

"အမယ်... ကျောင်းတုန်းက ခရီးဆောင်းခဲ့တာတွေ မမေ့ကြသေးဘဲကိုး ထဲ... ကျုပ် ပျော်နေတာကြာလှပြီ ဘယ်သူလဲဆိုတာသာ ပြောပေရော့"

"ဟော... ဘာကိုလဲဟ"

ဟု ကိုဘနိုင်သည် လန့်ဖျပ်ကာ မေးလိုက်၏။

"ဒါကိုရှင့်... ဒါကို"

ဟု မမြခင်သည် ဝင်းကြည်၏ကိုယ်ထဲသို့ စူဝင်သွားတော့မည်ကဲ့သို့ လက်ညှိုးထောက်ဆက်ဆက် ထိုးပြလေ၏။

"ဟော..."

"ဟင်..."

ဟု တုဝန်နှစ်ယောက်သား သိမြင်အောင်ကာ ဘာမှ မသိသကဲ့သို့ ဝင်းကြည်ဘက် လှည့်ကြည့်ပြီး ကြက်သေ သေနေကြပြန်၏။

"တော်ကြပါ၊ ကြည့်မနေကြနဲ့တော့ ဝဲ မငြိသေးဘူးလား၊ ကောင်မလေးကလည်း အဝီပ်ဆိုးလိုက်တာ၊ ငါပြောလိုက်ရ မကောင်းဘူး ဒါကြောင့်..."

"ဒါကြောင့် ဘာဖြစ်သလဲဟ"

ကိုဘနိုင်က တုံ့ပြန်ရှာ မေးခွန်းထုတ်လိုက်၏။

"အံမယ် မသိချင်ယောင်ဆောင် မေးနေတာလား၊ ရှင်းရှင်းပြောရဦးမလား၊ ခု... ဒီကောင်မလေးမှာ မဟာမရှာရှိနေပြီရှင့် သိကြရဲ့လား"

"ဟော.."





"ဟင်.."

ဟု နှစ်ယောက်သား တစ်ယောက်တစ်ပေါက် မေးကြပြန်၏။

"ဟော.. ဟင်တွေ လုပ်မနေကြနဲ့၊ ကိုယ့်မြင်းကိုယ်စီးလို့ ဘယ်စီး ရောက်နေကြမှန်း မသိဘဲနဲ့ ဘယ်သူလဲဆိုတာသာပြော၊ နှစ်ယောက်စလုံး ပဲလား..."

တုဝန်နှစ်ယောက်သား...

"ဟော... ဟိုက်"

နှင့် တစ်ယောက်တစ်ပေါက်အော်ကာ သူတို့၏ ငယ်ထိပ်များသည် အထက်မျက်နှာကြက်ကို ထက်၍ ဆောင့်မိသကဲ့သို့ ခေါင်းကို ပွတ်နေကြလျက် တစ်ယောက်ကိုတစ်ယောက် မယုံကြည်သော မျက်လုံးတို့ဖြင့် ကြည့်ကြလေ၏။

ဦးလေးကလည်း တူကို ထင်၏၊ တူကလည်း ဦးလေးကို ထင်၏၊ ထိုသော် ဤနေရာမျိုး၌ နှုတ်ထွက်လာသော စကားဖြတ်စက...

"အဓိ... ကျွန်တော် မဟုတ်ဘူး"

ဟု ဦးအောင် ငြင်းလိုက်၏။

"ဟိတ်... ငါလည်း မဟုတ်ဘူး"

ကိုဘနိုင်က ငြင်းလိုက်ပြန်၏။

"ဘာ... ရှင်က မဟုတ်ဘူးလဲ၊ ခုနက ရှင်ပြောတာ ဘာလဲ 'လောကမှာ အတူတူ နိုင်ကြတာပေါ့၊ ငါလည်း မင့်အစေ်မသိအောင် ထားတာ' ဆိုတာ ဘာလဲ၊ ကျုပ် မကြားဘူး မှတ်သလို့လား၊ ဒါ ဒုက္ခကောင်မလေးကို သေရေးခွင့်ရပြည် မဟုတ်ဘူးရှင့်၊ ကျုပ်အမေတိမ်၊ ကျုပ်အမေဆိမ် နားဆတ်ဆတ်ကြားတာတောင် ကွယ်တုန်းပဲ"

"ဟာ... ငါပြောတာက ဒါကို မဟုတ်ဘူးဟ..."

"ဒါမဟုတ်လို့ ဘယ်ဟာများ ရှိသေးလို့လဲ၊ ရှင့်ကိုက လွန်လွန်းတယ်၊ ကိုယ့်မယားလည်းပဲ အရွယ်ဆန့်၊ တောက်ရိုးမယောက် မြက်မယောက် လုပ်ချင်တာ"

"ဟော... တော် ငါမဟုတ်ဘူး ဆိုနေတာ"

ဟု ဦးဘနိုင်သည် မျက်မှောင်ကုတ်၍ အော်လိုက်၏။ မမြခင်လည်း ပိုမိုဒေါသထွက်ကာ နှုတ်ခမ်းကိုတင်းပြီး သွားချင်း ကျစ်ကျစ်မြည်အောင်ကြိတ်ကာ မျက်လုံးကို ပြူထုတ်လျက်...

"ဟင်... ရှင် ငြင်းတုန်းပဲလား၊ ခုတော့ ရှင်တို့လူမျိုးက ဟိုဘင်း မြရင်း မိနေတာတောင် တကျကျနဲ့တောပေါ့ ပြောဦးမယ်"

ဟု ခင်မြိုင်းရိုင်း တွယ်လိုက်လေ၏။

ကိုဘနိုင်လည်း စိတ်ဆိုးသည်မှတစ်ပါး ခရေးချင်ဝင် ပြောစရာ အကြောင်း မရှိ၊

"ဟော့ . . တော်တော့တိတ်၊ နင် တယ်မိုက်ပါလား"

ဟုသာ ဆော်လိုက်လေ၏။

"ကဲ . . . ကဲ မဟုတ်ရင် အချိန်မတော်ကြီး ရှင် ဒီအခန်းထဲ ဘာဖြစ်လို့ ရောက်နေတာလဲ၊ ဒီ သေခဲ့တဲ့ ရောဂါသည်ကလေးကော"

ဟု မောင်မြတ်စကောက်ပါ လှည့်၍ မေးခွန်းထုတ်လိုက်၏။

မောင်မြတ်စလည်း ရုတ်တရက် ဘာဆက်ရမှန်း စိတ်မလုံ့တလုံနှင့်

"ကျ . . ကျ . . ကျွန်တော် တခြားတစ်ပါးသွားမလို့ နောက်ဖေး ထွက်ရအောင် . . ."

"ဘာ . . နင် နောက်ဖေး ထွက်ရအောင်လဲ၊ ခါတိုင်းတော့ အခန်းထဲမှာချည်း ခွက်နဲ့ သွားနေပြီတော့"

မမြခင်က ဖြတ်၍ ဆော်လိုက်၏။

မောင်မြတ်စမှာ လန့်ဖျပ်ကာ . . .

"မ . . မ . . မဟုတ်ဘူးခင်ဗျ . . ဒီ . . ."

"ဘာမဟုတ်ဘူး ခင်ဗျလဲ၊ ဒီ မမာနေရာကတော့"

"မ . . . မဟုတ်ဘူးခင်ဗျ။ ဒီလို ခွက်ထဲမှာချည်း သွားနေရတာ ညှပ်ပေလား ဝင်ပစ်လားနဲ့ အားနာလို့"

"ဘာအားနာလို့လဲ၊ ခါတိုင်းတော့ မနာဘူး၊ ခုမှ ထူးပြီတော့"

"မ . . . မ . . မဟုတ်ဘူးခင်ဗျ"

"ဘာမဟုတ်ဘူးခင်ဗျ လာပြန်ပလား"

"မဟုတ်ပါဘူးခင်ဗျာ၊ ခုညတော့ မနေ့ကသောက်တဲ့ ဆေးကလေးနဲ့ တည့်လို့ နေကောင်းထိုင်သာရှိတာနဲ့ လူများကို ဒုက္ခမရှာပါဘူးလေ ကိုယ့်ဟာကိုယ် နောက်ဖေးသွားနိုင်သားနဲ့ဆိုပြီး ထွက်လာခဲ့တာ ဒီမှာ ဦးလေးနဲ့ တွေ့တာပဲ"

ဟုပြောလိုက်ရာ မမြခင်သည် ကိုတနိုင်ဘက်သို့ တစ်ဖန်လှည့်ပြီး-

"ကဲ . . . ရှင်ကရော ဘာလုပ်လာတာလဲ၊ ဝါခမ်းပါဦး"

"ဒါလည်း နောက်ဖေးသွားမလို့ လာခဲ့တာ"

"ဘာ . . . ရှင် နောက်ဖေးသွားရင် ဒီအခန်းက သွားရမှာလား၊ ကိုယ့်အိပ်ခန်းကနေပြီး နောက်ဖေး တိုက်ရိုက်သွားနိုင်ရက်သားနဲ့၊ ဒါရင်လည်း ယုတ္တိရှိအောင်ပါ သိရဲ့လား"

ကိုတနိုင်မှာ မောင်မြတ်စကို သဲယောင်လိုက်၍ ဝါရာ သူ့အပြော များနေ၏။ တမုန်မှာ ဤအခန်းသည် သူတို့အိပ်ခန်း၏ ခြေရင်းဘက်၌ရှိ၍ နောက်ဖေးသွားလိုလျှင် ဤအခန်းသို့ လာစရာမလို၊ မောင်မြတ်စ၏ အခန်းသာ အိမ်ရှေ့ဘက်ကျနေ၍ ထိုအခန်းမှ ဖြတ်လာရ၏။

သို့သော် သူလည်း ရုန်း၏ အလယ်တော်လုပ်နေသူဖြစ်၍ အလိမ်အဝါဉာဏ် မနေလေ။

"ဒါ စစ္စေးလုပ်ရအောင် လာတာ"



ဟု၍ ထပ်ထွန့်လိုက်သေး၏။

"အမယ် အိမ်သားထဲမှာ တွေ့နေတွေ့ တစ်ပုံတစ်ခေါင်းကြီး အမြဲရှိတယ်ဆိုတာ အသိသာနဲ့၊ လျှာအစ်မရှိတိုင်း လျှောက်ညာမနေနဲ့၊ နောင်မလေးမှာ ထင်ထင်ရှားရှား ဖြစ်တော့မယ်။ ကျုပ်က လုပ်ချင်း ကြက်သွန်ခွဲထက် ပါးသေးတယ်၊ အဲဒါ အကဲခတ်ပြီး ရှောင်နေတာ ကြာလှပြီ၊ ခုမှ ပိတ်မိရက်သား မိတော့တယ်၊ ပြော . . ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် နှစ်ယောက်စလုံးပဲ"

ဦးလေးကလည်း သူ့ကို မင်းလား-ဟူသော မျက်လုံးဖြင့် ကြည့်၏။ သူကလည်း ဦးလေးကို ထိုနည်းအတူ ကြည့်၏။

"ဒါတော့ မဟုတ်ရပါဘူးဟယ်၊ ကျမ်းကျိန် ပြောရဲပါတယ်"

"ကျွန်တော်လည်း မဟုတ်ပါဘူးဗျာ။ မမာနေတာ အခေါ် အသိသားနဲ့"

"အမယ် နင်တို့နှစ်ယောက်ကမှ မဟုတ်ရင် ကောင်မလေးသည် အိမ်က တခြားပြင် အလစ်ထွက်ရတာ မဟုတ်ဘူး၊ တစ်အိမ်လုံးနဲ့ ကျုပ် အပေါ်မှ ယောက်ျား သုံးယောက်ရှိတာ၊ ကျုပ်အမေကိုများ လွှဲချချင်ကြသေးသလား"

"ဒီလိုဆို သူ ဟုတ်ချင် ဟုတ်မှာပေါ့"

သွက်လက်သော မောင်မြတ်စက ပြောလိုက်၍ ကိုတနိုင်ကလည်း ထောက်ခံသောမျက်လုံးဖြင့် ကြည့်၏။

"ဟော့ . . . ဟော့ . . ဒါတော့ ခွဲမထည့်ကြပါနဲ့ကွာ၊ ငါလူကြီးပါ၊ အသက် (၆၀) ကျော်နေပါပြီ"

ဟု ဦးတုတ်ပေါ်သည် အိမ်ရှေ့ခန်းမှနေ၍ ကာကွယ်လိုက်၏။ သူသည် မီးမှုန်လိုက်ကတည်းက အိပ်ရာမှ နိုးနေ၍ အခန်းတွင်းက ပြောသမျှကို အကုန်ကြားနေ၏။

"အိုအို . . . ခင်ဗျား ပုလင်းတစ်လုံးတော့ နိုင်သေးတယ် မဟုတ်လား"

မောင်မြတ်စက ထောက်လိုက်၏။

"ဟေ . . . ဒါက ဘာဆိုင်လဲကွ၊ ကျန်းမာရေးအတွက် သောက်တာ"

"ခင်ဗျား သောက်တာကို ပြောနေတာမဟုတ်ဘူး၊ ပုလင်းတစ်လုံးတာ ပွဲဆယ်ဆုပ်မကာ လေးတယ် မဟုတ်လား"

ဦးတုတ်ပေါ်မှာ အဓိပ္ပာယ်ကို နားမလည်သေးတဲ့ . . .

"ဟို . . ဒါဘာဆိုင်လဲကွ"

"ဆိုင်ပြီလားဗျ ယောက်ျားဆိုတာ ပွဲတစ်ဆုပ်မနိုင်မှ ဒါမျိုးလျှော့သတဲ့"

ဦးတုတ်ပေါ်မှာ ယခုမှ အဓိပ္ပာယ်ပေါက်သွားကာ အကြီးအကျယ် ဝေါ့ပူပြီး. . .

"အဲမယ်. . . မင်းကများ ငါ့ကို မခန့်လေးစားနဲ့"

ဟုဆိုရင်း အိပ်ရာမှ ထလာလေ၏။

"အမေ. . . အမေ ဒီမလာနဲ့၊ ဒီမှာ အမြင်မတော် အဆင်မတော် ပေဟာဒီကောင်မ အိပ်ပုံက"

ဟု သမီးက တားလိုက်မှ ရပ်တန့်သွား၏။

အကြောင်းမှာ အနားသို့ ရောက်ရှာ ပြောဆိုနေကြသော်လည်း တာလ နှဂါး၏ ရက်ကောင်းကိုဆိုးမည့် ဝင်းကြည်မှာ မနိုးသေး၊ နောင် အတိုင်းဆိုး ပြိုင်ပွဲပြုလုပ်ပါက စိန်ဘယက်ကိုယူရန် လေ့ကျင့်နေဟန်း ဖြစ်၏။

မဖြူခင်လည်း လင်နှင့် ဘွားကို စစ်ဆေးနေရသည်နှင့် သူ့ကို မဖြု ဖြစ်ရသေး၊ ဦးတုတ်ပေါ် ဝင်ရောက်လာမှပင် သတိရလာကာ ဘာမသိ ညာမသိ အိပ်နေရှာသူအား မျှော်ကန်သလို ကန်ပြီး. . .

"ဟဲ့. . . ကောင်မ ထ၊ ထတော့၊ အတိုင်းဆိုးလိုက်တာကာ၊ ဘယ် လောညင်းခံလို့ မှိန်ရှိနေပါလေ"

ဝင်းကြည်ကား မလှုပ်သေး။

နောက်တစ်ချက် ထပ်ကန်လိုက်ပြန်၏။ သို့သော် မနိုးသေး၊ အိုး အိုး . . . အင့်အင့်သာ လှုပ်နေ၏။

ခရှာမှာ များစွာ ပင်ပန်း၏။ တစ်နေ့လုံး အတား မနေရ၊ နံနက် စောစောသော နေရနှုတည်း ကော်ဖီကြိုးဈေးပြေး ရေခပ်၊ ထမင်းဟင်းချက် စားသောက် ဆေးကြောပြီး ကလေး (၃) ယောက်နှင့် လူကြီး (၄) ယောက် ၏ အဝတ်ကို လျှော်ပြီး ကြမ်းတိုက်၊ နောက် နေ့ခင်း ကော်ဖီဈေးဘို့ အဝတ် တွေ မီးပူတိုက်၊ ညစာထမင်းချက် စားသောက်ဆေးကြောပြီး တစ်အိမ်လုံး တံမြက်စည်းလှည်း၊ အိပ်ရာအားလုံးခင်း၊ ဦးတုတ်ပေါ်နှင့် မဖြူခင်ကို တစ် ခေါက်တစ်လှည့်စီ နှင်းပေး၊ ည (၁၀) နာရီ (၁၁) နာရီလောက်မှ အိပ်။ 'ခြော်. . ဒါလောက်ပင်ပန်းရဲ့သားနဲ့တောင် ကောင်မလေး ဒီလောက် ဝသေးသကိုး' ဟု အောက်မေ့ခဲ့ကြရာ ခုနင်က မဖြူခင်က ပြောမှသာ. . .

"ခြော်. . . ဒါကြောင့်ကိုး"

ဟု ရိပ်မိကြတော့၏။

နောက်တစ်ချက် ကန်လိုက်ပြန်၏။ ဤတစ်ချက်ကား ဒေါသလုံး ချွန်ပါယံ၏ စိတ်ကို ဖိုးဟန်တွယ်သည်၊ ဝင်းကြည်မှာ မနေနိုင်တော့ဘဲ. . .

"အမယ်လေးရှင့်"

ဟု အော်ကာ ထထိုင်ပြီး လုံးကျစ်နေသော ထဘီကို ခဲခဲယဉ်းယဉ်း ဖြေ၍ ဝတ်နေလေ၏။

"ဟဲ့. . . ကောင်မ ပြော၊ နင့်ဆီ ညည ဘယ်သူလာသလဲ"



ခြေနှင့် ရွယ်ရင်း မေးလိုက်၏။

"အမယ်လေး မကန်ပါနဲ့တော့ မမရဲ့၊ ဘယ်သူမှ. ."

"ပြော. . . မှန်မှန်"

တစ်ချက် ကန်လိုက်ပြန်၏။

"အမယ်လေး ပြောပါ့မယ် မမရဲ့၊ ကိုမောင်ခင်. . ."

"ဘာ. . . ဘယ်သူ. . . ဘယ်က ကိုမောင်ခင်လဲ၊ ဖြတ်စ မဟုတ် လား"

"အမယ်လေး ကျွန်ုပ်ကို ဆွဲမထည့်ပါနဲ့ဗျာ၊ မောင်ခင်နဲ့ ဖြတ်စ နာမည်ချင်း တစ်ဝါလုတ်လောက် ကွာပါတယ်"

"မဟုတ်ဘူး မမရဲ့"

"ဒါဖြင့် နင့်ဦးကြီးနိုင်လား"

"အိုး. . . ငါ့ခွဲထည့်ပြန်ပြီ၊ နင့်အဖေတဲ့တယ် ကဲ. . . ပြောလိုက် စမ်း၊ ဟဲ့ကောင်မလေး အိုးဘိုးကြီးရယ်လို့"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲပြော"

"ဘယ်သူမှ မဟုတ်ဘူး"

"ဘာ. . . နင်က လိမ်ပြန်တာလဲ၊ ခုနပြောတဲ့ ကိုမောင်ခင်ဆိုတာ က ဘယ်သူလဲ"

"ဒါက မြင်းလှည်းမောင်းတဲ့ ငါးပေါယ်မလေးက ကိုမောင်ခင်၊ ညဘိုင်းက သူ့မြင်းမကလေး တိုးစိန်ကို ဖြဲဝင်းထဲ လာမောင်းတာ ပြောတာ"

"ဒါကို မဟုတ်ဘူး၊ ညည နင့်ဆီလာပြီး အိပ်တဲ့လူကို မေးတာ"

"ဘယ်သူမှ လာမအိပ်ဘူး"

"ဟဲ့ကောင်မ ပြော၊ ဖုံးမနေနဲ့၊ နင့်ကိုယ်နင် ဘာဖြစ်နေလဲဆိုတာ သိရဲ့လား၊ နင်က ငါမသိဘူးမှတ်ပြီး ဖုံးနေတာလား"

"သိပါတယ်၊ ကျွန်မအိပ်ရင်း လုံချည်ကျွတ်ပြီး ပေါ်နေလို့ မမက လုံချည်ဝတ်ဆိုလို့ ဝတ်ပြီး ဖုံးလိုက်ရပါတယ်"

တုဝန်နှစ်ယောက်မှာ ရယ်ချင်လာ၏၊ မဖြူခင်ကား ဒေါ်ထတွန်း ပင်။

"ဒီကောင်မ အိပ်မှုန်စုံမွှားနဲ့ တွေ့ကရာ လျှောက်ပြောနေတယ်၊ မေးတာလည်း နားလည်တာ မဟုတ်ဘူး၊ မနက်မှ သေသေချာချာမေးပြီး ဥစ္စာရှင်ရော ဘာရော အတူ အိမ်က နှင်ပစ်ရမယ်"

မောင်ဖြတ်စကို အနည်းငယ် မျက်စောင်းထိုး၍ ပြောလိုက်၏။

"လာကြ. . . လာကြ၊ မနက်မှ ဆက်စစ်ပြီး အိမ်က နှင်ပစ်ရမယ်၊ နှင်ပစ်မှ ထားလို့ မဖြစ်ဘူး"

ဟုဆိုကာ ရှေ့မှ ထွက်သွားလေ၏။

တုဝန်းနှစ်ယောက်လည်း နောက်မှ ကိုကြည့်ကြောင်ကြည့် လိုက်လာကြကာ ကိုအနိုင်က မောင်မြတ်စ နားနားကပ်၍ မေးသဖြင့်...

"ဟေ့ မြတ်စ... မင်းနိုလား"

"မဟုတ်ဘူးဗျ... ဘုရားရှူးပါစေ"

"ဒါဖြင့် ဘယ်က အကောင်များ အနှောင့်အယှက်ပေးသွားပါလိမ့်"

"အိမ်က အဘိုးကြီးလားမှ မသိတာ"

လူရှင်း ကွဲသွားကြလေ၏။ ဝင်းကြည်ကား ဘာမှ နားလည်ဟန် မတူ၊ အားလုံးထွက်သွားကြသွင် တံခါးလုံးပိတ်ပြီး ပြန်၍ နှစ်ခြိုက်စွာ အိပ်ပျော်သွားပြန်လေ၏။

❖ ❖ ❖

အိပ်ခန်းအသီးသီးသို့ ပြန်၍ ရောက်ကြသော်လည်း တော်တော်နှင့် မအိပ်ပျော်နိုင်ကြသေးချေ။ ကိုအနိုင်တို့အခန်းမှ တီးတိုး ဆွေးနွေးသံများ ကြားရလေ၏။

မောင်မြတ်စလည်း ဤမျှရည်ရွယ်ဘဲနှင့် လှည့်ကျိုးထမ်းရမည့်အမှုကို မစဉ်းစားဘဲ မနေနိုင်။

'ကောင်မလေးဟာ တော်တော်ကြာ ထိတ်ထိတ်ပြာပြာဖြစ်တော့မယ်' ဆိုသော သူ့အခေါ်စကားကို တွေးမိ၏။ သည်အတိုင်းမှန်လျှင် တရားခံတစ်ယောက်ယောက် ရှိရတော့မည်။ အစွပ်စွဲခံရသူမှာ သူတို့ တုဝန်းနှစ်ယောက်၊ ဦးထုတ်ပေါက်ပါ ဆွဲထည့်သော်လည်း အမှုလိုက်ကာ သူ၏ အပေါ်၌ အစရှမည်။ သူကိုယ်သူ မဟုတ်ကြောင်းကိုကား သူသိ၏။ သူ၏ ဦးလေးလား သူလည်း စိတ်ချရသူမဟုတ်။ အဘိုးကြီးဦးထုတ်ပေါက်ကော၊ သူလည်း တွယ်ချင်တွယ်မည်။

ဝင်းကြည်ကိုကား နက်ဖြန် နှင်ပစ်မည်မှာ သေချာ၏။ အလွန်အလုပ်အကိုင် ကောင်းသည်၊ နမြောစရာ ကောင်း၏။ ကောင်မလေးနှင့် နိုက်လိုက်တဲ့ချင်း။ ကြော်... သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ အစေခံပေမယ့်လည်း သူဌေးသမီးတွေစိတ်နဲ့ တူတူပေါ့။

တရားခံများမှာ ဤမျှနေရာ၌ ကိုယ့်ကိုယ်ကိုယ် အလွတ်ရုန်းရန် လို၏။ အကယ်၍ အမှန်အတိုင်း အရှန်ဒီမိုးသောက်ရန် လာပါသည်ဟု ညက မပြော၊ နံနက်ကျမှပြောလျှင် တုဝန်းနှစ်ယောက်သား တိုင်ပင်ထားကြသည်ဆို၍ မဖြစ်ခင် အယုံအကြည်ရှိမည် မဟုတ်။ ခွတ္တကောင်း၏မခင်ရှုရသမှု၊ မဟာသမ္မဟုတ်၍သော ရှုပ်ထွေးတော့မည် ဖြစ်၏။

မောင်မြတ်စ လွှတ်အောင်ရုန်းဖြိုကား နောက်ဖေးသွားရန် ထလာမှုကြောင်း ယုံကြည်အောင် လုပ်ရပေမည်။ သူ့အဖို့ အကြောင်းယုတ္တိလည်း ပြည့်စုံနိုင်၏။ သို့သော် ခမ်းစောစောက အိမ်ရှာထ တွယ်ထားသော အညာ အကြီးများမှာ နောက်ဖေးတိုင်း၍ ပြည့်လုနီးပါး ရှိနေ၏။



သူသည် သူ့နိုးတွာ့ ငှံထောက်ဝတ္ထုများကို ဖတ်ထားသူဖြစ်၍ ဉာဏ်မဲ့မဲ့လှ။ ထိုအရာများကို ဖျောက်ဖျက်ပစ်မှ အစရာလှနေရမည်ဟု တွေးတောကာ ဆုံးဖြတ်ချက် ချလိုက်လေ၏။

❖ ❖ ❖

အရှိန်ကား နံနက်လေး၏ ရွှေတော်မြေဖြစ်သော လင်းကြက်တို့၏ စုတ်ခွန်းဆက်ကြလေပြီ။ အရှန်ဒီတစ်ခုတည်း ခိုက်တစ်လုံး၏ ကိုယ့်အတွက် ရောက်မလေးရသော လူမဟာ မောင်မြတ်စသည် သူ၏နောက်ဖေးစွက်ကို မနိုင့်တနိုင် သယ်မကာ နောက်ဖေးဆောင်သို့ လာခဲ့လေ၏။

အိမ်သာခန်းအထိ သွားလျှင် အပလေးတို့ကိုတော်မည်ဖြစ်၍ မသင့်လျော်။ မီးဖိုဆောင်သံမှနေ၍ သွန်လိုက်မှသာ တော်ရမည်ဟု စိတ်ကူးကာ ပြတင်းပေါက်တစ်ခုကို ဖွင့်ပြီး နောက်ဖေးလမ်းကြားထဲသို့ သွန်ချလိုက်လေ၏။

"ဒူဝဲ... ဒူဝဲ၊ အမလေး ခေါ်ထိုး ဘုကြီးဘာတွေလဲကွ။ ထိုး... လွှတ်ဝမ်း... လွှတ်ဝမ်း။ တောလွှတ်ဝမ်း.."

ဟူသော ပေါက်ကွဲသော အသံများကို ကြားရသဖြင့် ပြတင်းပေါက်မှ ငုံ့၍ကြည့်လိုက်ရာ မှိန်မှုံ့သော အလင်းရောင်ကလေး၏ အောက်တွင် ကွေးလုံးရုန်းပတ်နေသော ကုလား သူဘုန်း၊ မသူဘုန်းနှစ်ခုကို မြင်ရသဖြင့် တုံ့အားသင့်ကာ...

"ဟဲ့... ဘယ့်နှယ်ဟာတွေလဲဟ"

ဟု ခေါ်မိလေ၏။

ပုံသူဘုန်းနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ပိုသိတော်သိ ခွဲခွာရင်း...

"ထော်... ထိုး... လူများ မသေမနေပါနဲ့၊ ခင်ဗျားကော ဘယ့်နှယ်ဟာကြီးလဲ၊ ရက်စက်တဲ့လူဗျား၊ ထိုး... လူတွေမှ မမြင်တော့ဘူးလား အကန်းထင်ပါရဲ့"

ဟု မာဆတ်ဆတ်ပြောသော ယောက်ျားသံကို ကြားရလေ၏။

"ဟာ... မြင်ရင် သွန်ချပါ့မလား၊ လုံး မမြင်လို့သာပေါ့"

"လူဆိုတို့ ခင်ဗျားကိုယ်ခင်ဗျား ပြောလို့သာ ယုံရတယ်၊ ဒီမှာ ကာစ်(စ်)လုပ်နေတုန်းမှပဲ"

"ဟာ... ဒီလိုဆို စုပ်ယူလိုက်သလို နေမှာပေါ့... ဟီဟီ.. ဟီဟီ ဝမ်းနည်းပါတယ်ကွာ"

"ဝမ်းနည်းရုံနဲ့နေ ဒီဖြင့် ကိုယ်ချင်းများ စာကြည့်ပါဦး၊ ခင်ဗျားတို့ ကာစ်(စ်)လုပ်နေတုန်းများ... ဒီလို.."

"ဟော... ဟော... ဒါမျိုးများ ကိုယ်ချင်းစာဖို့ မပြောနဲ့၊ ထို.. စိတ်ကူးထောင် မထည့်ပါရစေနဲ့ကွာ၊ ဒါနဲ့ မင်းတို့မောင်နှံက ဘယ်ကလာတုန်း၊ လူများနောက်ဖေး လာပြီး အချစ်ဝေနေးချနေရအောင်.."

ဟု မေးလိုက်မှ . . .

"ဪ . . . ကိုယ့်ဆရာက မသိသေးဘဲကိုး ကဲ . . အဝင်း မထွေ ပါဘူးကွာ၊ မျက်နှာ မော့ပြလိုက်စမ်းပါ"

ဟုဆိုပြီး ခေါင်းငုံ့နေသော မိန်းမသဏ္ဍာန်ကို မေးကိုင်ပြီး မြှော့လိုက် မှ မောင်မြတ်မှာ . . .

"ဟိုက် . . . အမယ်လေး . . ဒေါ်ဝင်းကြည်ကိုး အင်း . . အင်း . . ဒါကြောင့် . ."

ဟုဆိုကာ သူ့ဦးနှောက်ထဲတွင် အသိညာဏ်တွေ တစ်ပြိုင်တစ်ခေါင်း ကြီး ပေါ်လာလေ၏။

"ဘာ . . . ဒါကြောင့်လဲ ဆရာ"

"ဪ . . . မင်းတို့အတွက် ငါစဉ်းစားမိလို့ပါ၊ ငါမေးတာ မှန်မှန် ပြောစမ်း၊ မင်းတို့ချင်း ချစ်ကြတာ ဘယ်လောက်ကြာပြီလဲ"

"ဒီအချိန်ထိဆို (၄)လ (၃)ရက်နဲ့ တစ်ညရှိပါပြီ"

"နေ့တိုင်း ဒီလိုတွေ့နေကြတာပဲလား"

"နေ့ဆက်ရက်ဆက်ပေါ့ ဆရာ"

မကွတ်လပ်သည့် အစေခံမြစ်လင်္ကာအား (၂၄) နာရီအတွင်း ခဲခဲ ယဉ်းယဉ်း လစ်ပဟင်းသော အချိန်ကလေး (၂) နာရီခန့်တွင် အချစ် အတွက် အတွက်ယူအောင် အသုံးချတတ်ပုံကို စဉ်းစားမိကာ ညာတော်မှု အတွက်နှင့် အတိုးကြီးနှုတ်ခမ်းမွေး မိန့်ပြုံးကြီးကို ရှင်းလင်းရန် စိတ်ကူး ညာဏ် ဝင်လာလေ၏။

"မင်းတို့ချင်း ကျူးကျူးလွန်လွန် ဖြစ်နေကြပြီလား"

"ဟာ . . . ဒီယုန်မြင်လို့ ဒီချုံထွင်တာ၊ မလွန်ဘဲ နေကြပါ့မလား ဆရာ"

"ဝင်းကြည်မှာ ကိုယ်ဝန်လေးလက်ဝန် ရှိနေပြီဆိုတာကော သိရဲ့လား"

"သိပြီလားဆရာ၊ ကျွန်တော်လည်း မိန်းမရချင်လှတာပဲ"

"နို့ မင့်မိန်းမကော ရှိရက်ပဲလား"

"မရှိတော့ပါဘူးဗျာ၊ အိမ်မှာ ဘော်ဒါတစ်ယောက် မဲညာတ်သမား ရယ်လို့ သုံးရောင်ရ ရှိမလား ခေါ်ထားပါတယ်၊ အိမ်တမယား လစ်ပြေ တယ်ဗျ၊ ဒါကြောင့် သူ့ကို . ."

"ဒါဖြင့် သူ့ကို တကယ်ယူနိုင်ပါ့မလား"

"ယူနိုင်ပြီလားဗျား၊ ဆရာတို့အိမ်က လူကြီးတွေကသာ ဆွေး ဆောင်မှုနဲ့ . . ."

"အို . . . ဒါအတွက် ငါ့တာဝန်ထားလိုက်၊ မင့်နှမငယ် ဘယ်လို ခေါ်သလဲ၊ ဘာလုပ်စားသလဲ၊ အိမ်က ဘယ်မှာလဲ"





"နှမငယ်က မောင်သိန်း ခေါ်ပါတယ်၊ ပန်းတနော်လမ်းနောက် နားက ကုန်းပေါ် မှာနေပြီး မြင်းလှည်း မောင်းစားပါတယ်"

"ကောင်းပြီ မင်း တကယ်ချစ်တယ်ဆိုတာ ငါယုံကြည်တယ်"

"ဆရာ ကျေနပ်တာတော့ ဟုတ်ပါပြီ၊ ကျွန်တော်တို့ ပေါင်းရ အောင်က ဘယ်လို လုပ်ပေးမှာလဲ"

"အို . . . အလွယ်လေးပါကွယ်၊ အထုပ်အပိုးနဲ့ ခေါ်ပြေးရုံပေါ့"

"အို . . . ဒါတော့ ခက်များခက်ပြောမှပါလားဗျာ၊ ကျွပ်လည်း သိတာ ပေါ့၊ ဒါမှ ခင်ဗျားဦးလေးကြီးက သူ့အစေခံအလယ်လုပ်နေတဲ့ ကင်းစ တိုင်က ယာမာ့ကိုတိုကြီး သွားပြောလို့ ကမ္ပေတိုင်သူ့ဆောင်မှုနဲ့ အမှုတွေ တစ်ချောင်းစီနတ်ပြီး လက်ထည်းနှံတွေ အကျဉ်းထောင်အောင်လား၊ တော် ပါဗျာ၊ ကျွပ် အကောင်းမှတ်လို့ . . ."

"ဟယ့် . . . ထမယ် ဒီလိုမဖြစ်ရပါဘူးကွ၊ ငါနှမငယ် ဖြတ်တော့ကွ၊ မှတ်ထားပါ၊ မင်း မနက်ကျ အိမ်ကသာ စောင့်နေ လာခေါ်ပြီး လူကြီး ရုံးချုပ်ကို လည်လိုက်မယ်၊ စိတ်သာ ချ ဖြန်တော့၊ ဖြန်တော့၊ ငါနဲ့ ဝင်းကြည် နဲ့ စီမံဦးမယ်"

"ဟေး . . . ဒီလိုဆို ကောင်းပါပြီဗျာ၊ မဟုတ်ရင်တော့ ခင်ဗျားဦး ထိမ်က ကျွပ်တို့ အသည်းနှုံကို လှမ်းပြီးတော့ ခင်ဗျားဆေးခံသွားကျန်း ငိုင်း ရှိုက်ပစ်မယ် သိလား"

ဟု ကြိမ်းမောင်းကာ မောင်သိန်းသည် ခါးချည်ကလေး ကုန်းကွန်း နှင့် ထွက်သွားလေ၏။

ညာဏ်ကြီးရှင် မောင်မြတ်စနှင့် ဝင်းကြည်သည် တစ်ယောက်နဲ့ တစ်ယောက် မည်သို့ တိုင်ပင်သင့်ကြသည်မှ နံနက်ကိုးရောက်တွင် အမှုလိုက် ဒေါ်မြခင်က စစ်ဆေးသောအခါ ဝင်းကြည်က ဘယ်လို ပြောသည်မသိ၊ ဒေါ်မြခင်သည် မီးဖိုချောင်ထဲတွင် တစ်ယောက်တည်းငိုယိုကာ ခေါင်းပုန် ထနေလေ၏။

"ကြည့်ကြပါဦးတော်၊ အသက်(၆၀)ကျော်လို့ သေခါနီးမှ အိမ်က အမျိုးမကလေးနဲ့ ဖြစ်ရသကဲ့၊ ကိုယ်မနေနိုင်လို့ ကမြင်းချင် ပြောရာပေါ့၊ တော်ချော်နှမက ငိုက်အုံမေး ရတာပေါ့၊ ခုတော့ အိမ်ကနိုင်းဘဲကလေးနဲ့ လူမသိ သူမသိ ဗိုက်ကြီးနေတယ်ဆိုတော့ အမယ်လေး ရှက်လှချေရဲ့၊

ညာက ဖြတ်ပေပြောတာ ယောက်ျားမွှေတစ်ဆုပ်မနိုင်မှ တော်တော်တယ် ဆိုတာ မှန်နေတာပေါ့၊ ကြည့်ကြစမ်းပါဦးတော်၊ ညတိုင်းညတိုင်း ကောင် မလေးထဲသွားနေတာ လေးလကျော်ပြီတဲ့၊ သားသမီး မွေးချိန်တွေ မျက်နှာ မ မထောက်၊ လုပ်ရက်လေ အစရယ်"

ဦးတုတ်ပေါ်ကား ဘာမှ မသိ၊ နံနက်စောစော ထုံးစံအတိုင်း ထုတ် ထောက် ဘောင်းဘီတို ဗိုက်ပူကြီးနှင့် လမ်းလျှောက်သွားလေပြီး ကိုဘနိုင်

ကား အိပ်ရာထဲမှ နားထောင်နေ၏။ မောင်မြတ်ကား လှနာခန်းထဲတွင် အိပ်ရင်းပြူကာ ပြုံးစိစိ လုပ်နေ၏။ ဝင်းကြည်မှာ အိမ်သာနှင့် ရေချိုးခန်း ကြားတွင် ဣန္ဒြေရရ ပုနေ၏။ ကလေးသုံးယောက်ကား မအေ့အနားတွင် ထိုင်ကာ ရောင့်နေကုန်၏။

"ကြည့်ပါဦးတော်၊ နှုတ်ခမ်းမွေးရှည်လို့ ညက်ဆင်ပြီး နှုတ်ခမ်းမွေး ကို မီးနဲ့ တခင်သက်သက်ရှို့၊ ကျုပ် သားလေး ဆော့တယ်ဆိုပြီး မရှိမဆို ရိုက်လေးတယ်တော့၊ နို့ပြီး ဝင်းကြည်ကိုပဲ ကောင်လေးဆော့တာ မြင်တယ် လို့ပြောလို့ သင်ထည့်လိုက်သေးသတဲ့၊ ညက်များပါမှ အဖေတို့ကြီးရဲ့ သေခါနီးကြီးရဲ့၊ ညကများ ဖြတ်တက ဟုတ်တာပြောတော့ အမယ်လေး သူက စိတ်တွေဘာတွေ ဆိုးလို့၊ ပြော. . . တကော ဘကော၊ မြေးမှန်း သားမှန်းတောင် မသိတော့ဘူး"

မယား ငိုလိုရှုပနေသည်ကို ကြား၍ ကိုဘနိုင်မှာ မနေနိုင်တော့ဘဲ အကျိုးအကြောင်းကို သိကွဲအောင် လာရောက်မေးမြန်းသဖြင့် ဝင်းကြည် ပြောသမျှကို ပြောပြကာ. . .

"သူ့အရင် ဒီလိုမဟုတ်ပါဘူး ကိုနိုင်ရယ်၊ လူနိုကြီးပါ။ ဒီ မင်း တိုင်ပင်အမတ်အလုပ် လုပ်လိုက်မှ ရှိသမျှပညာလည်း ကုန်၊ အဓတ် ဆယ်မရ အကျင့်စာရိတ္တတွေပါ ပျက်စီးလာတာ၊ ခုတော့ ဒီဗိုက်နဲ့ ဒီ အဘိုးကြီး ဘယ့်နှယ်လုပ်မလဲ ကိုနိုင်ရဲ့၊ စိမ်ပမ်းပါပြီး"

"အိမ်ကျယ်ကျယ်ကြီး ပြောမနေနဲ့၊ လူများကြား ရှက်စရာကြီး၊ ညက ဖြတ်ပြောတာ မှန်နေတာပေါ့ကွ၊ သွားသွား သူ့ဆီ သွားတိုင်ပင် ချေ၊ သူက ဒါမျိုး အင်မတန် ညက်ရှိတဲ့အကောင်"

ဟု ထွေဝန်နှစ်ယောက်မှာ အိပ်ရာထဲတွင် တိုင်ပင်ပြီးဖြစ်သည့် အတိုင်း သူတို့ထံ လွှတ်လိုက်လေ၏။

မြခင်မှာ ဖအေကိုကြီးအတွက် မနေသာတော့ဘဲ ဖြတ်စတီ အခန်းကဲသွား၍ ချောမောသောအသံဖြင့် နိုးရလေ၏။ အိပ်ချင်ယောင်ပြု နေသူမှာ တော်တော်နှင့် မနိုးနိုင်ဘဲ အတော်ကလေးလှုပ်နိုးမှ ပါးစပ်ကို ဟ၍ . . .

"ဝါး. . . ဘာလဲဗျ ဆန်တီ"

"ထပါဦး ငါ့တော့ရယ်၊ ညက မင်းပြောတာ မှန်နေတာပေါ့ကွယ်"

ဘာမှ မသိသူကဲ့သို့ မျက်လုံးများကို ပွတ်ကာ. . .

"ဘာလဲ ဆန်တီရဲ့"

"ဟိုကောင်မ ငိုက်ပေါ့ကွယ်၊ ခု မိုးလင်းမှ သေသေချာချာ စစ် ကြည့်တော့ အဝေနဲ့တဲ့"

"ဟင်. . . ဖြစ်မှဖြစ်ရလေဗျာ၊ ညက ကျွန်တော်က ရမ်းသန်းပြော တာ ဟုတ်မှ ဟုတ်ပါလေလားဗျာ၊ ကျားသားမိုးကြိုး"



"ဟုတ်ပါတယ်၊ ဝင်းကြည်က အဖေအရောက်ကို ပြောပြတာ၊ နှုတ် ခမ်းမွေးမီးလောင်ပြီး ခိုတ်ပစ်ရတာတောင် ကောင်မလေးက နှုတ်ခမ်းမွေး ကြီးနဲ့ ယားတယ်ဆိုလို့တဲ့၊ ညက်ဆင်ပြီး ခိုတ်တာ၊ ကြားထဲက ငါ့သားလေး တောင် အမြစ်ရှာပြီး ရိုက်လိုက်တာကွယ် မသနားမညှာ၊ မြေးကလေးကို တောင် မ အတွက်နဲ့ သူဖို့ လုပ်ရတ်တယ်"

"ပြော. . . တကောဆိုတာ ဒီလိုပေါ့၊ မောင်သဲမှာ ဒီမောင် အကြီး ဆိုးပဲ"

"အေးကွယ်၊ အဲဒါ မင်းပဲ ကြည့်စီမံပါဦး၊ ငါတော့ ခေါင်းမီးလောင် နေပြီ"

"ဘယ်လိုလုပ်စေချင်တာလဲ"

"ဒီအကြောင်းကို ဘယ်သူမှ မသိစေဘဲ ကောင်မလေးလည်း ကျေ ကျေနပ်နပ်ထွက်သွားပြီး နောင်လည်း ဘယ်သူ့မှ မပြောရလေအောင်"

မောင်မြတ်စသည် ခေါင်းကုတ်၍ အနည်းငယ် စဉ်းစားဟန်ပြု ကာ. . .

"အင်း. . . ဒါဖြင့် ဒီလိုလုပ်လေ၊ ငွေကလေး အနည်းအကျဉ်းတော့ အကုန်ခံရလိမ့်မယ်၊ ကောင်မလေးကို တကယ်ကြိုက်ပြီးတော့ အတည် ယူချင်တဲ့ ကောင်တစ်ယောက် ရှိနေတယ်၊ ကျွန်တော့် အပေါင်းနေတာ ကြာလှပြီ"

"အမယ်လေး လုပ်စမ်းပါကွယ်၊ ငွေ ဘယ်လောက်ကုန်ကုန် အရှက် တကွဲ အကျိုးနည်း မဖြစ်ပြီးရော၊ သူက ဘယ်သူလဲ၊ နိုးနိုးသားသားပဲ လား"

"ဟို ပန်းတနော်လမ်းနောက်နားက မောင်သိန်းတဲ့၊ ကောင်လေး က နိုးပါတယ်"

"ပြော. . . ဟို မအူပင်လမ်းထိပ်က ပါးရှဲ့ရှဲ့နဲ့ မှင့်ဆီလာလာ လည်တဲ့ ကောင်လား"

"မဟုတ်ပါဘူး၊ ဒါက ဖိနပ်ထောင်တဲ့ ကိုသောင်းပဲ၊ ခုဟာက မြင်းလှည်းမောင်းတဲ့ မောင်သိန်း၊ ကျွန်တော်ကတောင် သူ့ကို မင်း ငါ့ကို ဘာရမှီ အစစ်တစ်လုံး ရှာပေးရင် ပြောပေးမယ်လို့ ပြောထားသေးတယ်"

"အမယ်လေးကွယ်၊ သူ့ရှာမိုင်းမနေပါနဲ့တော့၊ ဒီကိစ္စပြီးလှယ် အောင်သာ လုပ်စမ်းပါ၊ မနေက ငြိမ်းမင်းကြီးယူလာတဲ့ မှုလင်းပဲ မင်းယူ ပါ၊ ငါ့အတွက် အရေးမကြီးပါဘူး"

မောင်မြတ်စမှာ ထီးပေါ်တိတ်ဝင်သွားကာ အခန်းဝ၌ မတ်တတ်ရပ် ကြည့်နေသော သူ့ဦးလေးကို အဖေါ် မမြင်အောင် မျက်စိမှိတ်ပြပြီး "ဒီလိုဆို လည်း အကောင်းသားပဲ၊ ကဲလေ. . . အဘိုးကြီးပြန်မလာခင် ကိစ္စပြီးအောင် ဝင်းကြည် ခေါ် လိုက်စမ်းပါဦး"

ဝင်းကြည်မှာ ဣန္ဒြေရရနှင့် ရောက်လာ၏။

"ကဲ . . ဝင်းကြည်။ နင့်ဖြစ်ပုံတွေ ငါအကုန်သိပြီ။ ကံကောင်းလို့ တို့တွေဝရိုနှစ်ယောက် အမှုပတ်နေတာ နင်က ဖွင့်ပြောလို့သာပေါ့။ ခုတော့ ဒီအသိုးကြီးနဲ့ဆိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ လူကြီးကစလို့ မှားမိတာတော့ မှားပါစေတော့။ ပေဟာဒီ နင့်အခေါ် များရော။ ငါတို့ရော အရှက်တကွဲ အကျိုးနည်း မဖြစ်ကြရအောင် ငါစကားနားထောင်။ နင့်ကို တကယ်ကြိုက်ပြီး ကောင်းကောင်းမွန်မွန် ပေါင်းမယ့်ကောင် ရှိနေတယ်။ မြင်းလှည်းမောင်းတဲ့ မောင်သိန်းရယ်။ နင်သိတယ် မဟုတ်လား။ အေး သူ့တို့ယူလိုက်။ ပေဟာဒီ အခေါ်တလည်း ငွေအနည်းအကျဉ်း ပေးလိုက်သိမ့်မယ်"

"အေးကွယ်။ ရွယ်တူတန်းတူချင်း ကောင်းပါတယ်။ ငါကလည်း ငွေ (၃၀၀) ပေးလိုက်ပါ့မယ်"

ဝင်းကြည်လည်း ဌာရေနြုရရ ခေါင်းငုံ့ကာ "ဟုတ်ကဲ့ ကိုကိုမြတ်သဘောပါပဲ"

"ကဲ့ . . ကဲ . . အဘိုးကြီးမလာခင် မြန်အောင် သွား။ မောင်သိန်း သွားခေါ် ဖို့ ကလေးတစ်ယောက် လွှတ်လိုက်။ ကျွန်တော် စာရေးပေးလိုက်မယ်"

"ရှုတ်တရက် ချက်ချင်းကြီး ဖြစ်ပါ့မလားကွယ်။ မင့်လူက မယုံသက်ဖြစ်နေ . . ."

"အို . . . ဒါ ကျွန်တော့်တာဝန် ထားလိုက်။ ဒီကောင်က လိုချင်လို့ သေလုလို့။ ကျွန်တော် ဉာဏ်ဆင်ပြီး ပြောပါ့မယ်။ ကျွန်တော်မှားနေတာလည်း သူသိသားပဲ။ ငါမယာတာ ဒီမိက ခြေနှစ်ချောင်းထွက်မှ ကောင်းမယ် ဆောင်ကာပေါ့လို့ မင်းနဲ့ အမြန် ခေါ် ပေးစားတာကွလို့ ပြောမှာပေါ့။ ဒါအတွက် မပူပါနဲ့။ တချက်နဲ့ မောင်တိန်သာ ပေးစမ်းပါ"

မကြာမီ မောင်သိန်းရောက်လာကာ အကျိုးအကြောင်း ပြောပြလေ၏။ ငါးမိနစ်အတွင်း၌ပင် ထိုက်ချုပြီးပြောက်သွားကာ သတို့သား မောင်သိန်းနှင့် သတို့သမီးဝင်းကြည်တို့သည် ကိုတနိုင်၊ မမြခင်၊ မောင်မြတ်စ တည်းဟူသော လူကြီးလူကောင်းသုံးယောက်တို့အား ခင်ဝမ်းမြင့်၊ မောင်ထင်လှ၊ မောင်လေးတည်းဟူသော ကလေးပနီသက် သုံးယောက်ရှေ့တွင် နှစ်ယောက်ယှဉ်တွဲ ကန်တော့ပြီး မမြခင်ဆီက ငွေ (၃၀၀)နှင့် ဝင်းကြည် အဝတ်အစားထုပ်ကလေးတို့ ဆွဲကာ အိမ်မှ ဆင်းသွားကြလေ၏။

မမြခင်သည် ဝင်းကြည်တို့စုံတွဲ လှမ်းထောင့်ကွယ်သွားသည်တိုင်အောင် လှမ်းမျှော်ကြည့်နေပြီးမှ သက်ပြင်းကြီးချကာ . .

"အမယ်လေး ခုမှ အလုံးကြီးကျသွားတော့တယ်။ ငါ့ ခက်ကရော အောက်မေ့နေတာ။ မင့် ကျေးဇူးပါပဲကွယ်"

မောင်မြတ်စက ပြုံးစိစိနှင့် . . .



"ကျေးဇူးပြောနေဖို့ မပြီးသေးဘူး။ ကျွန်တော်ပေးမယ်ဆိုတဲ့ ဘာနိဒ်လည်း လုပ်ဦးလေဗျာ"

"ဪ . . . ဟုတ်ပေသားပဲ။ ပေးပါ့မယ်ကွယ်။ ကဲ . . . သမီး သွားယူပေးလိုက်ပါကွယ်။ သူ့အတော်ပုဒော်ခ"

"ဪ . . . ဒီမှာ အန်တီ။ အဘိုးကြီးပြန်လာရင် ဘာမှ မပြောနဲ့နော်။ ဘာမှမဖြစ်သလိုနေ သိလား"

"အမယ်လေး ပြောဖို့ နေနေသာသာ သူ့မျက်နှာတောင် မကြည့်ချင်ဘူး"

တုတ်ကောက်၊ ဘောင်းဘီတို၊ ခိုက်ရှိုကြီးနှင့် လမ်းလျှောက်သွားသော ဦးတုတ်ပေါက်အား မြင်မလာသေး။ မောင်မြတ်စတို့ တွဝနီက ဘာနိဒ်တစ်ပုလင်းနှင့် ခိမ်တိုးလျှက် . . .။

☺ ☺ ☺